ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 14 January 2024 ၁၁၃၄၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

## မြို့ပြနှင့် အိမ်ရာစီမံကိန်းများတည်ဆောက်ရာတွင် Town Plan များရေးဆွဲ၍ စနစ်တကျဖြင့် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်အသီးသီးမှ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ တွေ့ဆုံ၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရင့်နောင်တံတားပန်းခြံနှင့် ဘုရင့်နောင်ပန်းခြံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကြေးမုံ

# ဘာသာသာသနာအထိမခံ ပြင်းထန်ဆန့်ကျင်

နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့၏ကိုယ်ပိုင်ဘာသာသာသနာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု အစဉ်အလာများသည် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏အသက်ဝိညာဉ်ဖြစ်သည်။ မြန်မာနိုင်ငံသားအများစုသည် ထေရဝါဒဗုဒ္ဓသာသနာကို အစဉ်အလာမပျက် ယုံကြည်ကိုးကွယ်ဆည်းကပ်ကြသူများဖြစ်သည်။ ပုဂံခေတ်အနော်ရထာမင်းလက်ထက်မှစ၍ ယနေ့ထက်တိုင်အောင် ထေရဝါဒဗုဒ္ဓဘာသာသည် နိုင်ငံတစ်ဝန်းထွန်းလင်းတောက်ပခဲ့သည်။ မြန်မာတို့သည် ဗုဒ္ဓဘာသာအပေါ်အခြေခံ၍ မြန်မာ့ယဉ်ကျေးမှုကို တည်ဆောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့စဉ်က မြန်မာတို့၏ အမျိုးအနွယ်၊ စာပေ၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည့်ဓလေ့ထုံးတမ်းစဉ်လာများ ရိုက်ချိုးဖျက်ဆီးခံခဲ့ရသည်။ ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့စဉ်က မြန်မာလူမျိုးတို့ အထွတ်အမြတ်ကိုးကွယ်သော ရုပ်ပွားဆင်းတုတော်တို့ကို နယ်ချဲ့တို့၏ခြေထောက်အောက်တွင်ထား၍ ဓာတ်ပုံအရိုက်ခံကာ မြန်မာတို့၏ဘာသာအား နင်းခြေပြသည့်လုပ်ဆောင်ချက်မှာ ယနေ့ထက်တိုင် မမေ့နိုင်သေးပေ။ မကြာသေးမီရက်ပိုင်းက MNDAA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများက စေတီတစ်ဆူကို ထုရိုက်ဖျက်ဆီးနေသည့် ရုပ်သံမှတ်တမ်းတစ်ခု ပေါ်ထွက်ခဲ့ပြန်ရာ မြန်မာတို့၏နှလုံးသားကို အပ်နှင့်ဆွသကဲ့ မချိခံပြင်းစိတ်များ ဖြစ်ပေါ်ခဲ့ကြသည်။

အတိတ်တစ်ချိန်က လူမျိုးခြား၊ ဘာသာခြားတို့ မြန်မာ့ယဉ်ကျေးမှု ဘာသာသာသနာကို နင်းခြေဖျက်ဆီးခဲ့သလို ယခုတစ်ဖန် ဖျက်ဆီးခြင်းကို မြင်တွေ့ကြားရသောအခါ ဘာသာသာသနာယဉ်ကျေးမှုကို ချစ်မြတ်နိုးသော ရဟန်းရှင်လူပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချနေကြသည်ကို မြင်တွေ့ရပေသည်။ ကိုလိုနီနယ်ချဲ့လက်ဟောင်းများနည်းတူ မျက်မှောက်ကာလတွင်လည်း နယ်ချဲ့လက်သစ်ဝါဒီများက မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးအား ကျွန်ပြုအံ့ဟု ခြိမ်းခြောက်အန္တရာယ်ပြုလျက် မီဒီယာနည်းလမ်း၊ စီးပွားရေးနည်းလမ်းတို့ဖြင့် တိုက်ခိုက်နေသည်သာမက သောင်းကျန်းသူအဖျက်သမားများကို စစ်ရေးနည်းလမ်းဖြင့် မြှောက်ပင့်ပေးပြီး ဘာသာသာသနာကို ဖျက်ဆီးသည့်လုပ်ရပ်များကိုပါ ယနေ့မြင်တွေ့လာရသည်။

မျက်မှောက်ကာလတွင် အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသားများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများကို ဒရုန်းများ အသုံးပြုတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများနှင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများအတွင်းသို့ ဝင်ရောက်နေရာယူပြီး အခိုင်အမာစခန်းပြုလုပ်ခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းများဖြင့် ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းများပြုလုပ်နေသည်ကို တွေ့မြင်နေရသည်။

ပြီးခဲ့သည့်နှစ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းကို ခံစစ်စခန်းပြုလုပ်ခဲ့ခြင်း၊ KKO ခွဲထွက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့ ဇောတိရာမပင်မကျောင်းကို လက်နက်ကြီးဖြင့် တိုက်ခိုက်ခဲ့ခြင်း၊ KNLA နှင့် PDF အကြမ်းဖက်သမားတို့က ဥကရစ်ထနယ်မြေအတွင်းရှိ စေတီပုထိုးနှင့် ဘာသာရေးအဆောက်အအုံအတွင်း ခံစစ်စခန်းပြုလုပ်ခဲ့ခြင်း၊ KNPP နှင့် PDF အကြမ်းဖက်သမားများက ကယားပြည်နယ် ပန်တိန်းမြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းအား လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ MNDAA ပူးပေါင်းအဖွဲ့က မူဆယ်မြို့ရှိ ရုပ်တော်မူဘုရားနှင့် မိဂဒါမဟာစေတီကို ဒရုန်းအသုံးပြုဖျက်ဆီးခဲ့ခြင်း၊ TNLA သောင်းကျန်းသူများက နမ့်ခမ်းမြို့ ပေါက်တိုက်မရပ်ကွက်ရှိ ဇေယျာသုခဘုန်းတော်ကြီးကျောင်းကို လက်နက်ကြီးများဖြင့်တိုက်ခိုက်ခြင်း၊ AA သောင်းကျန်းသူများက မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့ပြီး ယခုနှစ်ဦးတွင် MNDAA တို့က စေတီဘုရားအား ဖြိုချဖျက်ဆီးခြင်းကို ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သည့် အဓိကနိုင်ငံဖြစ်သော်လည်း ဘာသာမျိုးစုံ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသောနိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသည် မိမိဘာသာကို တန်ဖိုးထားမြတ်နိုးကြသလို သူတစ်ပါးဘာသာကိုလည်း လေးစားတန်ဖိုးထားသူများဖြစ်သည်။ မိမိဘာသာကိုလည်း ထိပါးစော်ကားအထိမခံ သူတစ်ပါးဘာသာကိုလည်း နှောင့်ယှက်ဖျက်ဆီးခြင်းလည်းမပြုလုပ်ပေ။ ယခု အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို အကြောင်းမဲ့ဖျက်ဆီးလာခြင်း၊ ဘာသာဆိုင်ရာတို့ကို ရိုင်းပျစော်ကားစွာပြုလုပ်လာခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူများက တို့ဘာသာ၊ တို့လူမျိုး၊ တို့နိုင်ငံကို အထိမခံ ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ဂျပန်ရိုးရာနှစ်သစ်ကူးချိန် ကြိုဆိုပွဲ ပြုလုပ်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဂျပန်ရိုးရာနှစ်သစ်ကူးချိန်ကြိုဆိုပွဲကို ဇန်နဝါရီ ၂၀ ရက် (စနေနေ့)တွင် အမှတ်(၇၀) နတ်မောက်လမ်းသွယ် (၁)လမ်း ဗဟန်းမြို့နယ်ရှိ ဂျပန်ဖောင်ဒေးရှင်း(ရန်ကုန်)၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါပွဲတွင် ဂျပန်ရိုးရာနှစ်သစ်ကူးချိန် အပြင်အဆင်များနှင့်အတူ ဂျပန်ရိုးရာကစားနည်းများကို လာရောက်ကစားနိုင်ပြီး ဂျပန်ရိုးရာစာလုံးလှရေးသားခြင်း၊ အထိမ်းအမှတ်တစ်ခုအဖြစ် အမြတ်တနိုးစားသုံးလေ့ရှိသည့် မိုချိမုန့်ပြုလုပ်ခြင်းတို့ကို သရုပ်ဖော်ပြသသွားမည်ဖြစ်သည်။

လက်ရေးလှရေးသားခြင်း၊ မိုချိမုန့်ပြုလုပ်ခြင်း၊ ဂျပန်ရိုးရာကစားနည်းများနှင့် နှစ်ကူးရိုးရာပြင်ဆင်ထားရှိမှုများကို ပါဝင်လေ့လာလိုပါက ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီအထိ ဂျပန်ဖောင်ဒေးရှင်း(ရန်ကုန်)ဂျပန်ယဉ်ကျေးမှုစင်တာဆီသို့ လာရောက်ပူးပေါင်းပါဝင်ကြရန် ဖိတ်ခေါ်ထားသည်။

မျိုးမင်းသူရ

**ပြည်ထောင်စုသားများ**

**စည်းလုံးညီ**

**ရှေ့သို့လှမ်းချီ**

**ပန်းတိုင်ဆီ**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**လှိုင်သာယာမြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်နှင့် စက်မှုဇုန်၏ တည်နေရာအကျယ်အဝန်းနှင့် သမိုင်းအကျဉ်း၊ စက်မှုဇုန်များအတွင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်မြှင့်တင်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ဘုရင့်နောင်ပန်းခြံအဆင့်မြှင့်တိုးချဲ့ရန် ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် ဘုရင့်နောင်တံတားပန်းခြံတည်ဆောက်လျက်ရှိမှုများနှင့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လှိုင်သာယာစက်မှုဇုန် ဥက္ကဋ္ဌ ဦးအုန်းဆိုင်က သွင်းကုန်အစားထိုးကုန်ကြမ်းများ တင်သွင်းခွင့်ပြုပေးစေလိုမှု၊ မြို့တော်ဝန် ဦးဗိုလ်ဌေးက လှိုင်သာယာမြို့နယ်အတွင်းရှိ အိမ်ရာများ စနစ်တကျရှိစေရေးနှင့် လမ်းမကြီးများတစ်လျှောက် တရားမဝင် ဝင်ရောက်နေထိုင်သူများမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

**မြို့ပြနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်**

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်ကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိန်ပင်အမှိုက်ပုံမှ လျှပ်စစ်ဓာတ်အား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြို့တော်ဝန် ဦးဗိုလ်ဌေးက ဘုရင့်နောင်တံတားပန်းခြံနှင့် ဘုရင့်နောင်ပန်းခြံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ထုတ်လုပ်ရေးစီမံကိန်းအား အမြန်ဆုံးပြီးစီးစေရေး တာဝန်ရှိသူများက ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများ အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီးအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အတွင်း လုပ်ကိုင်နိုင်သည့် လျှပ်စစ်ကဏ္ဍအပါအဝင် အခြားကဏ္ဍများကို ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုဇုန်များတွင် လျှပ်စစ်မီးလုံလောက်စွာရရှိမှသာ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ကုန်ကြမ်းနှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းခြင်းထက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကအသုံးပြု၍ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်သဖြင့် နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် စက်သုံးဆီနှင့် စားသုံးဆီများအတွက် နိုင်ငံခြားငွေများကို သုံးစွဲရလျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် လျှပ်စစ်စွမ်းအင်သုံး စက်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသော်လည်း ပြည်တွင်းလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မှုမရှိသေးကြောင်း၊ ပြည်တွင်းစက်သုံးဆီနှင့် စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲရမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

- ❖ **လှိုင်သာယာမြို့နယ်ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ**
- ❖ **ထိန်ပင်အမှိုက်ပုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းအား အမြန်ဆုံးပြီးစီးစေရေး တာဝန်ရှိသူများက ဆောင်ရွက်ရန်လို**
- ❖ **ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများ အပါအဝင် နည်းလမ်းပေါင်းစုံဖြင့်ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီး အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လို**

# ဆရာကောင်းမှ မွေးထုတ်ပေးသည့် တပည့်ကောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုပြီး အရည်အသွေးမြင့်သည့် ပညာရေးကွင်းဆက်ဖြစ်အောင် စဉ်ဆက်မပြတ်ပံ့ပိုးဖော်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် ထန်းတပင်မြို့နယ်ရှိရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်ရှိ Community Center ခန်းမဆောင်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ ဦးစီးဌာနများ ဖွဲ့စည်းထားရှိမှု၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်များ ဖွင့်လှစ်ထားရှိမှု၊ လက်ရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အခြေအနေ၊ ဖြစ်ပေါ်လာမည့် အခြေအနေ ဆန်းစစ်ချက်များနှင့် ပိုမိုကျယ်ပြန့်သည့် သင်ကြားသင်ယူမှုနယ်ပယ်များ ထည့်သွင်းဆောင်ရွက်နိုင်သော Polytechnic University များ တည်ထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက တက္ကသိုလ်၏ တည်နေရာနှင့် သမိုင်းအကျဉ်း၊ ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ဘာသာရပ်အလိုက် သင်ကြားရေး ဝန်ထမ်းများနှင့် စီမံဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ စာသင်ဆောင်များ၊ အလုပ်ရုံများနှင့် စာသင်ခန်းများ တည်ဆောက်ထားရှိမှုနှင့် ထပ်မံတည်ဆောက်လျက်ရှိမှု၊ စာကြည့်တိုက်၊ အားကစားရုံနှင့် အားကစားကွင်းများ၊ ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များ တည်ဆောက်ထားရှိမှု၊ နယ်ဝေးမှ ကျောင်းသား ကျောင်းသူများအား အိပ်ဆောင်များ၌ နေရာချထားပေးမှုများကို လည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်အတွင်း အဆောက်အအုံများ ထပ်မံတည်ဆောက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်နည်းပါးကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကျောင်းများ ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်မှုနည်းပညာများ ဖွံ့ဖြိုးရေးအတွက်လည်း နည်းပညာကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေးမှ ထွက်ရှိသည့် ထွက်ကုန်များကိုအခြေခံ၍ စက်မှုပိုင်းဆိုင်ရာများ အသုံးပြုပြီး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်း အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သည့် အဆောက်အအုံကို တက္ကသိုလ် အင်္ဂါရပ်နှင့် ကိုက်ညီစွာ တည်ဆောက်နိုင်ရေး ကြိုတင် Plan ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆက်လက်ဆွေးနွေးပြောကြားရာတွင် တက္ကသိုလ်များ၊ ကောလိပ်များသည် အင်္ဂါရပ်နှင့် ကိုက်ညီရမည်ဖြစ်ပြီး အဆင့်မီရန်လိုကြောင်း၊ ယခင်က အဆင့်မြင့်ပညာရပ်များကို ရန်ကုန်မြို့၌သာ လာရောက်သင်ယူခဲ့ရပြီး အဆင့်မြင့်ပညာသင်တက္ကသိုလ်များ နိုင်ငံတစ်ဝန်း၌ အရေအတွက်နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ပညာရပ်များကို သင်ကြားပေးနိုင်သည့် တက္ကသိုလ်များ ဖြစ်ပေါ်လာရေး စဉ်းစားဆောင်ရွက်ခဲ့ကြပြီး တက္ကသိုလ်ပညာရပ်များကို မိမိတို့ဒေသများ၌ သင်ကြားနိုင်ရန်အတွက် အထူးဒေသဇုန် ၁၄ ခု၌ တက္ကသိုလ်များ

**စာမျက်နှာ ၅ သို့ »»**

☆ **စာမျက်နှာ ၃ မှ**

၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိမိတို့အနေဖြင့် လှိုင်သာယာမြို့နယ်အတွင်းရှိ တရားမဝင်နေထိုင်သူများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး မြို့သာယာလှပရေးနှင့် စနစ်ကျနမှုရှိစေရေးကို အလေးပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားမဝင် ကျူးကျော်နေထိုင်သူများမရှိစေရေး၊ ဥပဒေနှင့်အညီဖြစ်စေရေးနှင့် ပြန်လည်နေရာချထားရေးတို့ကို စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မြို့ပြနှင့် အိမ်ရာစီမံကိန်းများ တည်ဆောက်ရာတွင်လည်း Town Plan များ ရေးဆွဲ၍ စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းများတည်ဆောက်ရာတွင် လယ်ယာစိုက်ပျိုးမြေများ မထိခိုက်ရန်လိုကြောင်း၊ ဈေးများတည်ဆောက်ရာတွင် အဆင့်မီသည့်ဈေးများ၊ Shopping Mall များ တည်ဆောက်ရန်လိုပြီး ယဉ်ရပ်နားရန်နေရာများနှင့် စားသောက်ဆိုင်တန်းများပါ စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ပေးရန် လိုကြောင်း၊ အလှအမျိုးမျိုးမှပြည်သူများ ရောင်းဝယ်မှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရန်လိုပြီး မြို့နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေး ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

**မြို့ပြစီမံကိန်းနှင့် အိမ်ရာစီမံကိန်းများကို စနစ်တကျ တည်ဆောက်**

လှိုင်သာယာအရှေ့ပိုင်းတွင် စာသင်ကျောင်းများ နည်းပါးသည်ကို တွေ့ရကြောင်း၊ ကျောင်းများ တည်ဆောက်ရာတွင်လည်း ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း အားကစားကွင်းများနှင့် ခန်းမများပါ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးအတွက် ပညာရေးကောင်းမွန်ရန်လိုအပ်သဖြင့် ကျောင်းများကောင်းမွန်နေရန်လိုပြီး ရပ်ကွက်များအလိုက် အခြေခံပညာကျောင်းများရှိရန်လိုသကဲ့သို့ အားကစားကွင်းများလည်း တည်ရှိရန်လို**ကြောင်း၊ မြို့ပြစီမံကိန်းနှင့် အိမ်ရာစီမံကိန်းများ တည်ဆောက်ရာတွင် အားကစားကွင်းများ၊ ဈေးနှင့် ကျောင်းများ၊ ဆေးရုံများ ထည့်သွင်းတည်ဆောက်ရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ်ကို အဆင့်မြှင့်တင်နိုင်ရန်အတွက် Town Plan များ စနစ်တကျဖြင့် ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း။

စက်မှုဇုန်နှင့်ပတ်သက်၍ စက်မှုဇုန်အတွင်း အလုပ်လုပ်ကိုင်သူများ အဆင်ပြေစေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့ပြတည်ဆောက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်စေရေး ရေရှည်အတွက် စီမံကိန်းများချမှတ်၍ စီမံဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်တံတားပန်းခြံနှင့် ဘုရင့်နောင်ပန်းခြံတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ မြို့တော်ဝန်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပန်းခြံအတွင်း စိန်ပန်း၊ ခရေ၊ ကံ့ကော် စသည့် အရိပ်ရသစ်ပင်ပန်းမန်ပင်များ၊ အရိပ်ရပင်များကို ထည့်သွင်းစိုက်ပျိုးရန်လိုကြောင်း၊ ပြည်သူများ စိတ်လက်အေးချမ်းစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် ပန်းခြံအတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ

ဖွင့်လှစ်ပေးခဲ့ကြောင်း၊ သို့သော် အချို့တက္ကသိုလ်များ၌ ပညာသင်ကြားမှုများ နည်းပါးသည်ကိုတွေ့ရသဖြင့် မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်သည့် ဘာသာရပ်များနှင့် မဖြစ်မနေသင်ကြားရမည့် သာသာရပ်များကို ဦးစားပေးသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိအနေဖြင့် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များကို ပိုမိုကျယ်ပြန့်သည့် သင်ကြားသင်ယူမှုနယ်ပယ်များ ထည့်သွင်းဆောင်ရွက်နိုင်သော Polytechnic University များအဖြစ် ဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ပညာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာရှင်များနှင့် ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေး ပညာရှင်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်နည်းပါးကြောင်း၊ ထို့ကြောင့်

## ❖ တက္ကသိုလ်၊ ကောလိပ်များကို အဆင့်မြှင့်တင်ပေးခြင်းသည် အနာဂတ်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်မှုရှိစေရေး သင်ကြားပေးရန်လိုပြီး အမှန်တကယ် ထူးချွန်သူများကိုသာ တစ်ဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး စိစစ်ဆောင်ရွက်သွားရန်လို

စိုက်ပျိုးမွေးမြူရေးကျောင်းများ ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်မှုနည်းပညာများ ဖွံ့ဖြိုးရေးအတွက်လည်း နည်းပညာကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေးမှထွက်ရှိသည့် ထွက်ကုန်များကို အခြေခံ၍ စက်မှုပိုင်းဆိုင်ရာများ အသုံးပြုပြီး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး ပညာရေးအနာဂတ် ရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ သင်ကြားအောင်မြင်ပြီးသူများအနေဖြင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုများ ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများနှင့် အဆောက်အအုံများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များကို အဆင့်မြှင့်တင်ပေးခြင်းသည် အနာဂတ်အတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်မှုရှိစေရေး သင်ကြားပေးရန်လိုပြီး အမှန်တကယ် ထူးချွန်သူများကိုသာ တစ်ဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူနိုင်ရေး စိစစ်ဆောင်ရွက်သွားရန် လိုကြောင်း၊ တက္ကသိုလ်ပညာရပ်သည် တွေးခေါ်လေ့လာသင်ကြားခြင်း (Study- ing)ဖြစ်သဖြင့် အမှန်တကယ် တွေးခေါ် မြော်မြင်တတ်သည့် ကျောင်းသား ကျောင်းသူများဖြစ်စေရေး လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ နိုင်ငံတော်အတွက်လိုအပ်သည့် လူသားအရင်းအမြစ် ကောင်းများကို မွေးထုတ်ပေးနိုင်ရေး သင်ကြားရေးနှင့် ပတ်သက်သည့် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန်လိုအပ်ပြီး နိုင်ငံတော်မှ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်း သုံးထပ် စာသင်ဆောင်သစ် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ ရောက်ရှိကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်သီတာနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တက္ကသိုလ် ပင်မဆောင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ ဝန်ထမ်းများ ဖွဲ့စည်းထားရှိမှု၊ ဘာသာရပ်အလိုက် ဆရာ ဆရာမများ သင်ကြားပေးလျက်ရှိမှု၊ ဆရာ ဆရာမများ၏ ပညာအရည်အချင်းများ၊ အထူးပြုဘာသာရပ်များအလိုက် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှု၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိမှု၊ IT centre rooms တည်ဆောက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၆ သို့ »»»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပရိဝုဏ်အတွင်း အရိပ်ရအပင်ကြီးများ စိုက်ပျိုးရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရုပ်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

»»» စာမျက်နှာ ၅ မှ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာများ ရှိမှသာလျှင် လုပ်ငန်းနယ်ပယ်မျိုးစုံ၌ ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး နိုင်ငံ၏အနာဂတ်ကို ပညာရေးဖြင့် ကောင်းမွန်စွာပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ပညာရေးနှင့် ပတ်သက်၍ အားနည်းချက်များများစွာရှိသည်ကို စစ်တမ်းများအရ တွေ့ရှိရကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်သည် သာမန်လုပ်ငန်းများကို ဆောင်ရွက်ကြသူများဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရေးကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်သဖြင့် မိမိတို့တာဝန်ယူချိန်တွင် ပညာရည်မြှင့်တင်ရေးအဖြစ် KG + 9 အဆင့်အထိ မဖြစ်မနေသင်ကြားရန် မူဝါဒချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ KG + 9 တက်ရောက်အောင်မြင်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံ သင်တန်းကျောင်းများ တက်ရောက်ပြီး သက်ဆိုင်ရာပညာရပ်များအလိုက် ဆက်လက် သင်ကြားနိုင်မည် ဖြစ်ကြောင်း၊ အခြေခံပညာတတ်မြောက်အောင်မြင်ပြီးသူများ အနေဖြင့်လည်း သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အဆင့်မြင့် တက္ကသိုလ်နှင့် ကောလိပ်များကို ဆက်လက် တက်ရောက်နိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်အနောက်ပိုင်း နည်းပညာ တက္ကသိုလ်၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူများ ပေါကြွယ်ဝစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ တာဝန်ယူထားသည့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်မှုများရှိနေရန် လိုကြောင်း၊ ကျောင်းသားကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်နိုင်ရန်အတွက် ထိရောက်သည့် သင်ကြားမှုများ ဖြစ်ရန်လိုပြီး ဘွဲ့ရရှိပြီးချိန်တွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် အမှန်တကယ် တွေးခေါ်မြော်မြင် ဆောင်ရွက်တတ်သူများ ဖြစ်ရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးဝန်ထမ်းများအတွက် သက်ဆိုင်ရာအဆင့်အလိုက် ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း။

အရည်အချင်း ပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးကို ကောင်းမွန်သည့် အထောက်အပံ့များ ဖြစ်စေနိုင်မည်ဖြစ်သဖြင့် အရည်အချင်းရှိသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ် ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးလိုသည့် စိတ်ဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုပြီး နည်းပြများအနေဖြင့် အရည်အချင်း ပြည့်ဝသူများဖြစ်စေရေး လေ့လာမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လိုကြောင်း၊ တစ်ဦးချင်းစွမ်းရည်များ တိုးတက်လာပါက မိမိဘဝ တိုးတက်ရေးအတွက် ထိုက်သင့်သည့် အကျိုးကို ခံစားခွင့်ရမည်ဖြစ်ကြောင်း၊ **ဆရာကောင်းမှ မွေးထုတ်ပေးသည့် တပည့်ကောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုပြီး အရည်အသွေးမြင့်သည့် ပညာရေး ကွင်းဆက်ဖြစ်အောင် စဉ်ဆက်မပြတ်ပုံဖော်ဆောင်ရွက်ကြရန်လိုကြောင်း။**

မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေအားလေးစားလိုက်နာခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအသိအမြင်ရှိခြင်းတို့၌ အားနည်းချက်များရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေဆိုင်ရာများနှင့် စီးပွားရေးဆိုင်ရာများကို သိရှိရန် မဖြစ်မနေလိုအပ်သည်ဟု တွေ့ရှိရသဖြင့် ဥပဒေပညာရပ်ကို နားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကို သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ စီးပွားရေးနှင့် ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက်လည်း စီးပွားရေး အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာသင်ကြားပြီး ဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်သူများ ဖြစ်စေရေးအတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများ အနေဖြင့်လည်း ကျောင်းသားကျောင်းသူများ ပညာတတ်မြောက်စေရေးနှင့် ၎င်းတို့၏ ဘဝတစ်လျှောက် ကောင်းမွန်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တက္ကသိုလ် ပရိဝုဏ်အတွင်း ကံ့ကော်၊ စိန်ပန်း၊ ခရေ စသည့် အရိပ်ရအပင်ကြီးများ စိုက်ပျိုးရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရုပ် ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားဖူးမြော်ခြင်းနှင့်လေ့လာရေးခရီးစဉ်အဖြစ်သွားရောက်ကြမည့် တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရား စေတီဂေါပကအဖွဲ့များအားစုရပ်နေရာဖြစ်သည့် ၂၆ လမ်း ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့တွင် သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုရပ်နေရာရှိ တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီဂေါပကအဖွဲ့များအား တွေ့ဆုံပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ခြင်းနှင့် လေ့လာရေးခရီးစဉ်အဖြစ် ပို့ဆောင်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ပြောကြားကာ နေပြည်တော်ဘုရားဖူးမြော်ခြင်းနှင့် လေ့လာရေးခရီးစဉ်သွားရောက်ကြမည့်ဂေါပကအဖွဲ့များအား ပို့ဆောင်နှုတ်ဆက်ခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းတင်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရန်ကင်းတောင်ကျေးရွာရှိ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေသည့်မန္တလေးနည်းပညာတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်အဝင်လမ်း တစ်လျှောက် ဝဲ/ယာတွင် ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ သစ်ပင်ကြီးများအား အလင်းဖွင့်ခြင်း ဆောင်ရွက်နေမှုနှင့် အမှိုက်သရိုက်များ ရှင်းလင်းမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာလိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မြို့နယ်အသီးသီးရှိဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကအပတ်စဉ်စနေနေ့များတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**

## တောင်ကိုရီးယားရှိ တက္ကသိုလ်တစ်ခုခုတွင် တက်ခွင့်ရရှိပြီး ကျောင်းလခနှင့် နေထိုင်စရိတ်အခက်အခဲရှိသည့် မြန်မာနိုင်ငံသား ကျောင်းသား ကျောင်းသူ နှစ်ဦးအတွက် ပညာသင်ဆု ပေးအပ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကိုရီးယားသမ္မတနိုင်ငံရှိ တက္ကသိုလ်တစ်ခုခုတွင် ဘွဲ့ကြို၊ မဟာဘွဲ့နှင့်ပါရဂူဘွဲ့ (ကိုရီးယားဘာသာစကားသင်တန်းမပါ)တက်ရောက်ခွင့်ရရှိထားပြီးကျောင်းလခနှင့်နေထိုင်စရိတ်အခက်အခဲရှိသည့် မြန်မာနိုင်ငံသား ကျောင်းသား ကျောင်းသူနှစ်ဦးအတွက်Woojung Education and Culture Foundation မှ Scholarship Students for the 1st Semester, 2024 ပညာသင်ဆုကို စိစစ်ရွေးချယ်ပေးအပ်မည်ဖြစ်၍ လျှောက်ထားနိုင်ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာမြန်မာသံရုံးကအသိပေးထားသည်။

သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော လျှောက်ထားလိုသူများသည် စာရွက်စာတမ်း/အထောက်အထားတို့အား ပြည့်စုံစွာဖြည့်စွက်၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ Myanmar Embassy,Hannam–daero 28–gil 12, Yongsan –gu, Seoul, 04418 သို့လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ စာတိုက်မှ တစ်ဆင့် သတ်မှတ်ချိန်အမီအရောက်ပေးပို့၍လည်းကောင်း၊ သံရုံး email ဖြစ်သည့် scholarinseoul@gmail.com သို့ပေးပို့၍သော်လည်းကောင်း လျှောက်ထားနိုင်ကြောင်း အသိပေးထားသည်။

အဆိုပါပညာသင်ဆုကို ယခင်နှစ်များက လက်ခံရရှိပြီးသူ ကျောင်းသား ကျောင်းသူများ ထပ်မံလျှောက်ထားခြင်းမပြုရန်လည်း အသိပေးထားသည်။

**MT**

# ASEAN Compulsory Motor Insurance (ACMI) System မှတစ်ဆင့် Online Process ဖြင့် ဆောင်ရွက်မည့် နယ်စပ်ဖြတ်ကျော်မော်တော်ယာဉ်အာမခံ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ




နေပြည်တော် ဇန်နဝါရီ ၁၃

ASEAN Framework Agreement on the Facilitation of Goods in Transit (AFAFGIT) ပါ Protocol-5 အရ အာဆီယံနယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်များအတွက် မထားမနေရ သူတစ်ပါးထိခိုက်မှု အာမခံလက်ခံခြင်းနှင့် လျော်ကြေးပေးချေခြင်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေရန်အတွက် ASEAN Compulsory Motor Insurance (ACMI) System မှတစ်ဆင့် Online Process ဖြင့် ဆောင်ရွက်မည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အာမခံ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အာမခံလုပ်ငန်းကြီးကြပ်ရေးဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအာမခံအသင်းဥက္ကဋ္ဌနှင့် အထွေထွေအာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ မော်တော်ယာဉ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိစေမည့်လုပ်ငန်းဖြစ်**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံထဲတွင် ACMI System ကို Digital Platform တည်ဆောက်ပြီး အသုံးပြုနိုင်သည့် နိုင်ငံ လေးနိုင်ငံထဲတွင် မြန်မာနိုင်ငံပါဝင်ကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က Vietnam နိုင်ငံ Halong မြို့၌ ကျင်းပခဲ့သော 24th Council of Bureaux Meeting တွင် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာမည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အတွက် မထားမနေရ သူတစ်ပါးထိခိုက်မှု အာမခံအကာအကွယ်ကို Online Channel မှ တစ်ဆင့် ဝယ်ယူနိုင်ပြီဖြစ်သည့်အတွက် အချိန်ကုန်၊ လူပင်ပန်းမှု နည်းပါးသွားမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် ဝင်ငွေကိုလည်း ပိုမိုရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်များကြောင့် မြန်မာပြည်သူများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ ဖြစ်လာခဲ့လျှင် ငွေကြေးတစ်စုံတစ်ရာ အထောက်အပံ့ဖြစ်စေမည့် နစ်နာကြေးပေးချေခြင်းကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိစေမည့် လုပ်ငန်းဖြစ်ကြောင်း၊ အာဆီယံနယ်နိမိတ်တစ်လျှောက် ကုန်စည်သယ်ယူပို့ဆောင်နေကြသည့် မော်တော်ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအတွက် ခရီးစဉ်တစ်လျှောက် စိတ်အေးချမ်းသာစွာသွားလာနိုင်ရန်နှင့် အာဆီယံသယ်ယူပို့ဆောင်ရေးသဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ASEAN's spirit ဖြစ်သည့် "One Vision, One Identity, One Community" အစီအစဉ်အနေဖြင့် ဆောင်ရွက်ပေးမည့် ASEAN Compulsory Motor Insurance (ACMI) System မှတစ်ဆင့် Online Process ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဖြတ်ကျော်မော်တော်ယာဉ်အာမခံ မိတ်ဆက်ခြင်းအစီအစဉ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ASEAN Compulsory Motor Insurance (ACMI) System မှတစ်ဆင့် Online Process ဖြင့်ဆောင်ရွက်မည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်အာမခံအား လက်ခံဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းသို့ ဝင်ရောက်လာမည့် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်များမှ အာမခံပရီမီယံကြေးများရရှိသကဲ့သို့ ထိုမော်တော်ယာဉ်များကြောင့် သေဆုံးသူ၊ ဒဏ်ရာရရှိသူများအတွက် သူတစ်ပါးထိခိုက်မှု အာမခံနစ်နာကြေးအား ပေးချေနိုင်ခြင်း၊ အာဆီယံနိုင်ငံများအကြား စီးပွားရေးပေါင်းစပ်မှုများနှင့်အညီ ကုန်စည်စီးဆင်းမှုများ တိုးတက်လာစေခြင်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် အထောက်အကူပြုပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(မအူပင်)နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်များ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ နည်းပညာတက္ကသိုလ်(မအူပင်)နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မအူပင်မြို့ရှိနည်းပညာတက္ကသိုလ်(မအူပင်) သို့ရောက်ရှိကာ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပါမောက္ခချုပ်က ကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည့် အရည်အချင်းပြည့်ဝသောအင်ဂျင်နီယာများကို မွေးထုတ်ပေးခြင်းဖြင့် လူမှုအသိုင်းအဝန်းတွင် နည်းပညာကဏ္ဍဖွံ့ဖြိုးမှုကို ထောက်ပံ့ပေးနိုင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ စက်ပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဇန်နဝါရီ ၁၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီးရှိရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပါမောက္ခချုပ်က ကျောင်းဆိုင်ရာအချက်အလက်များ ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအား အရည်အချင်းပြည့်ဝမှုရှိစေရန် လေ့ကျင့်သင်ကြားပေးရန် လိုအပ်သကဲ့သို့ ကျောင်းသား ကျောင်းသူများကလည်း ကြိုးစားလေ့လာသင်ယူကြရန်၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရန် ပညာရေးနယ်ပယ်ကဏ္ဍ အသီးသီးတွင် မျက်ခြည်မပြတ်အစဉ်လေ့လာကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိဒေသတွင်းမှ လိုအပ်ချက်များပေါ်မူတည်၍ သုတေသနလုပ်ငန်းများကို လုပ်ဆောင်ကြရန်၊ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အမှန်တကယ်လိုအပ်သည့် လက်တွေ့ပစ္စည်းများကို စီမံချက်များရေးဆွဲပြီး ဖြည့်ဆည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လက်တွေ့ခန်းများအား သင်ရိုးညွှန်းတမ်းနှင့်အညီ ဖြည့်ဆည်း၍ ကျောင်းသား ကျောင်းသူများကို စနစ်တကျလေ့ကျင့်ပေးရန် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းစိမ်းလန်းစိုပြည်မှုရှိစေရေး ဆောင်ရွက်ထားကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆွေးနွေး



ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ ရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးညီညီစိုးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့မှ ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပန်းခင်းစီမံချက်(၃)ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအား ရှင်းလင်းခဲ့ပြီး တက်ရောက်လာကြသူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဥာဏ်ဟိန်း**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် အာဂုံပြန်ဆိုတော်မူကြသည့် စာပြန်သံဃာတော်များအား ဖူးမြော်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၁၃

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စာထောက်စာမ ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များနှင့် အာဂုံပြန်ဆိုတော်မူကြသော စာပြန်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်ကြာ ကျင်းပလျက်ရှိပြီး ယနေ့တွင် အဘိဓမ္မာ(ဒုတိယပိုင်း) တစ်ပါး၊ ဒီဃနိကာယ် ခုနစ်ပါး၊ ဝိနည်း(ဒုတိယပိုင်း) ၂၈ ပါး၊ ဝိနည်း(ပထမပိုင်း) ၂၉ ပါး စုစုပေါင်း ၆၅ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပခဲ့သည့် ၇၆ နှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနဒ္ဓဇအာဇာနည်အရှင်မြတ် ၁၅ ပါး ပေါ်ထွန်းခဲ့ရာ ၎င်း ၁၅ ပါးအနက် ငါးပါးပျံလွန်တော်မူခဲ့ပြီး သက်ရှိထင်ရှား ၁၀ ပါးရှိကြောင်းနှင့် ပိဋကသုံးပုံ အာဂုံဆောင် တိပိဋကဓရ သာသနဒ္ဓဇအာဇာနည်အရှင်မြတ် ခုနစ်ပါး ပေါ်ထွန်းခဲ့ရာ ၎င်း ခုနစ်ပါးအနက် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး သက်ရှိထင်ရှားခြောက်ပါးရှိကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ (၁/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန ဥပဒေအကြံပေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ကော်မရှင်အနေဖြင့် ဈေးကွက်တွင် ပါဝင်သူများအား စည်းမျဉ်းထိန်းကျောင်းမှုသာမက ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရန်၊ အခြားငွေချေးသက်သေခံလက်မှတ် အမျိုးအစားများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် လက်ရှိအစိုးရငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ၏ ဒုတိယဈေးကွက် (Secondary Market) ဖွံ့ဖြိုးတိုးတက်ရေးသာမက အခြားအာဆီယံနိုင်ငံများကဲ့သို့ Green Bond/Social Bond စသည်ဖြင့် ထုတ်ဝေရောင်းချမှုများကို လေ့လာ၍ ကော်ပိုရိတ်ငွေချေးစာချုပ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်မှ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေသကဲ့သို့ MSME များ ရန်ပုံငွေရရှိရေးအတွက် စာရင်းဝင်အကြို ဈေးကွက်မှတစ်ဆင့် ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန်၊ ထို့ပြင် လက်ရှိဥပဒေ၊ နည်းဥပဒေများကို ပြန်လည်သုံးသပ်၍ ဈေးကွက်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့်ပုဒ်မများ ပြင်ဆင်ဖြည့်စွက်နိုင်ရေး သုံးသပ်ရန်နှင့် အခြားနိုင်ငံများ၏ဆောင်ရွက်ချက်များကိုလေ့လာ၍ မိမိနိုင်ငံတွင် အဆိုပါဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မည်သို့ဆောင်ရွက်မည်ကို သုံးသပ်တင်ပြကြရန်လိုအပ်ကြောင်း၊ ကော်မရှင်မှ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်တွင် ပုံမှန်ပါဝင် တက်ရောက်ခြင်းဖြင့် ဒေသတွင်းဆောင်ရွက်ချက်များကို မျက်ခြည်မပြတ်လေ့လာပြီး သုတေသနပြုလုပ်၍ ဆောင်ရွက်သင့်သည်များကို တင်ပြဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးက ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများသို့ သွားရောက်စစ်ဆေးမှုမှ တွေ့ရှိချက်များ၊ ငွေတိုက်လက်မှတ်၊ ငွေတိုက်စာချုပ်ရောင်းဝယ်မှု အခြေအနေ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ဆောင်ရွက်ချက်များ၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange – YSX) စာရင်းဝင်ကုမ္ပဏီများ၏ အရောင်းအဝယ်အခြေအနေနှင့် စာရင်းဝင်ကုမ္ပဏီများတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအခြေအနေများကို တင်ပြဆွေးနွေးရာ အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# YBS ယာဉ်လိုင်း သုံးလိုင်းတွင် YPS QR Code ကို အသုံးပြုနိုင်၍ ငွေပေးချေနိုင်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့တွင်ပြေးဆွဲလျက်ရှိသောYBS ယာဉ်လိုင်း သုံးလိုင်းဖြစ်သည့် YBS 13၊ YBS 55 နှင့် YBS 57 တို့တွင် YPS QR Code ကို စတင်အသုံးပြုကာ ငွေပေးချေနိုင်ပြီဖြစ်ကြောင်း Yangon Payment Service–YPS ထံမှ သိရသည်။




YPS QR Code ကိုအသုံးပြုရန်အတွက် MPYPS+ Application ကို Google Playstore မှတစ်ဆင့် Download ပြုလုပ်ထားရန်လိုပြီး YBS 13၊ YBS 55 နှင့် YBS 57 တို့တွင်လည်း Download ပြုလုပ်နိုင်ရန်အတွက် QR Code Sticker များကို ကပ်ပေးထားပြီးဖြစ်ကြောင်းလည်း သိရသည်။

“YBS 13၊ 55၊ 57 တွေမှာအသုံးပြုလို့ရပါပြီ။ ကားပေါ်မှာ QR Code Sticker လေးတွေလည်းကပ်ပေးထားပါတယ်”ဟု Yangon Payment Service–YBS Call Center သို့ ဖုန်းခေါ်ဆိုမေးမြန်းထားချက်အရ သိရသည်။

YBS Card Service များနှင့် YBS QR Code Top Up Service အတွက် ဝန်ဆောင်မှုများကို YBS Card အရောင်းကောင်တာများ(KIOSK)၊ အရောင်းဝန်ထမ်းများ၊ G&G Convenience Store များ၊ မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံများ၊ Capital အဆင့်မြင့်ကုန်တိုက်များနှင့် Wellington Pharmacy များတွင် အလွယ်တကူရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

YPS QR Code နှင့် ပတ်သက်သည့် အကြောင်းအရာများကို အသေးစိတ်သိရှိလိုပါက Yangon Payment Service–YPS Page Messenger မှတစ်ဆင့်စုံစမ်းမေးမြန်းနိုင်သကဲ့သို့ Call Center Phone Number:(Hotlineနံပါတ်) 09969990905 သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်(နံနက် ၉ နာရီမှ ညနေ ၅ နာရီ)အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်းလည်း အသိပေးထားသည်။

MT

# သံတွဲခရိုင်ပြည်သူ့ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများအဖွဲ့က အခမဲ့ဆေးကုသပေးလျက်ရှိ

သံတွဲ ဇန်နဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ပါမောက္ခအထူးကုဆရာဝန်ကြီးများပူးပေါင်းအဖွဲ့သည် သံတွဲခရိုင်ပြည်သူ့ဆေးရုံကြီး၌ ယနေ့ နံနက် ၉ နာရီမှစတင်၍ သံတွဲခရိုင်အတွင်းရှိ ရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကုသရာတွင် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ အထွေထွေရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အသည်းရောဂါ၊ နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြော၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ ရင်ခေါင်း၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ ကလေးဦးနှောက်နှင့်အာရုံကြော၊ အရိုး၊ အကြော၊ အဆစ်၊ မျက်စိအစရှိသည့် ရောဂါဝေဒနာရှင် စုစုပေါင်း ၁၃၀၀ ခန့်အား ပါမောက္ခအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းဖြူဖြူမြင့်ဦးဆောင်သော ပူးပေါင်းဆေးကုသရေးအဖွဲ့က ပထမနေ့အဖြစ် အခမဲ့ကုသပေးလျက်ရှိကြောင်း ခရိုင်ဆရာဝန်ကြီးထံမှ သိရှိရသည်။ ကျန်ရှိနေသောလူနာများအား ဇန်နဝါရီ ၁၄ ရက်တွင် ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးကုသနေမှုများကို သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီးဒေါက်တာရဲဝင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်ကြီး ဇန်နဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ညောင်ရွှေမြို့ မင်္ဂလာရပ်ကွက်ရှိ ဘုရားကျိန်းကျောင်းတွင်ခိုလှုံနေကြသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော Smart အထည်ချုပ်စက်ရုံမှ ထုတ်လုပ်သည့် ကျားမအင်္ကျီများနှင့် ကိုယ်တိုက်ဆပ်ပြာများကိုလည်းကောင်း၊ အသက် ၇၀ နှင့်အထက်ရှိသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် ၅ နှစ်အောက်ကလေးများအတွက် လူမှုရေးထောက်ပံ့ငွေများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက လူဦးရေအလိုက်၊ အိမ်ထောင်စုအလိုက် ထောက်ပံ့သည့် ထောက်ပံ့ငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ရွှေမြို့ ရန်ကုန်ဘုန်းကြီးကျောင်းရှိ သံဃာတော်များအား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ယာယီခိုလှုံရာစခန်းတွင် ရောက်ရှိခိုလှုံနေကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သော အဝတ်အထည်များ၊ ကိုယ်တိုက်ဆပ်ပြာများ၊ လူမှုရေးထောက်ပံ့ငွေများနှင့် စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့ မဟာရန်အောင်ဘုရားတွင် ဖွင့်လှစ်ထားသည့် ခိုလှုံရာစခန်းတွင် ရောက်ရှိခိုလှုံနေကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဝန်ကြီးဌာနအလိုက် အကူအညီအထောက်အပံ့များ ထောက်ပံ့ပေးအပ်ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများကိုနွေးထွေးရင်းနှီးစွာတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလောမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၃၆၇ စု၊ လူဦးရေ ၂၂၁၈ ဦး၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်အိမ်ထောင်စု ၄၄၄၀၊ လူဦးရေ ၁၇၄၀၁ ဦး၊ ဖယ်ခုံမြို့နယ်ရှိ အိမ်ထောင်စု ၁၄၁၈ စု၊ လူဦးရေ ၂၂၂၇ ဦး စုစုပေါင်း အိမ်ထောင်စု ၅၂၄၂ စု၊ လူဦးရေ ၂၁၈၄၆ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၂၈၆၁၈၂၆၀၀ တန်ဖိုးရှိ Smart ရှပ်အင်္ကျီ ၂၁၈၄၆ ထည်နှင့် ဆပ်ပြာ ၂၁၈၄၆ ခဲ၊ ထိခိုက်လွယ်လူဦးရေ ၂၅၆၆ ဦးအတွက် လူမှုထောက်ပံ့ကြေးငွေကျပ် ၇၆၉၈၀၀၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အိမ်ထောင်စု ၅၂၄၂စု၊ လူဦးရေ၂၁၈၄၆ ဦးအတွက် ငွေကျပ် ၁၅၅၈၁၈၄၅၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ထောက်ပံ့ငွေကျပ် သိန်း ၃၀ စုစုပေါင်း ထောက်ပံ့မှု တန်ဖိုးငွေကျပ်သိန်း ၅၂၂၀ ခန့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ပဉ္စမနေ့ပွဲစဉ်များနှင့် ဆုပေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံတို့တွင်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပဉ္စမနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာ အားကစားနည်းများအလိုက် ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဖျော့ရုံတွင် ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်း၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

အဆိုပါ အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် စစ်ကိုင်းတက္ကသိုလ်အသင်းက ပထမ၊ ပဲခူးတက္ကသိုလ်အသင်းက ဒုတိယရရှိပြီး ရတနာပုံတက္ကသိုလ်အသင်းနှင့် မော်လမြိုင်တက္ကသိုလ်အသင်းတို့က ပူးတွဲတတိယ ရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းက အကောင်းဆုံး ရိုက်ခုတ်ကစားသမားဆုရရှိသည့် ပဲခူးတက္ကသိုလ်မှ ကျောနံပါတ် (၁) မောင်ထင်လင်းနောင်ကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးက အကောင်းဆုံးပင့်ထောင် ကစားသမားဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်မှ ကျောနံပါတ် (၄) မောင်အောင်မျိုးကျော်ကိုလည်းကောင်း၊ တက္ကသိုလ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသက်လွင်က အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ တစ်လျှောက် အကောင်းဆုံးကစားသမား ဆုရရှိသည့် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျောနံပါတ် (၉) မောင်အောင်အောင်ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမျိုးသားပိုက်ကျော်ခြင်း တံခွန်စိုက်ဒိုင်းဆုရရှိသည့် စစ်ကိုင်းတက္ကသိုလ်အသင်းကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံတွင်လည်းကောင်း၊ အမျိုးသား၊အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံတွင်လည်းကောင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲကို လေ့ကျင့်ရေးကွင်းအမှတ် (၁) နှင့် ကွင်းအမှတ် (၃) တွင်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Supermarket များနှင့် လက်လီလက်ကားဆန်ဆိုင်များတွင် ခင်းကျင်းရောင်းချမှုများအတွက် သိုလှောင်ထားသည့် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ရန် MRF ထပ်မံအသိပေး

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်စေရေး၊ ပြည်ပသို့ ဆန်တင်ပို့မှု စနစ်တကျဆောင်ရွက်နိုင်ရေးတို့အားရည်ရွယ်၍ ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သမားရိုးကျရောင်းဝယ်ခြင်းမဟုတ်သည့်လုပ်ငန်းများထိန်းကျောင်းနိုင်ရန်အတွက် Supermarket များနှင့် လက်လီလက်ကားဆန်ဆိုင်များအတွက် သိုလှောင်ထားသည့် ဆန်စပါးသိုလှောင်ရုံများကို မှတ်ပုံတင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ဇန်နဝါရီ ၁၂ ရက်တွင် ထပ်မံအသိပေးကြေညာထားသည်။

ဆန်စပါးကဏ္ဍတွင် ပုံမှန်လုပ်ငန်းလုပ်ကိုင်နေသူများအား ဝန်ထုပ်ဝန်ပိုးနှင့် ထိခိုက်မှုမရှိစေရေးအတွက်လည်းကောင်း၊ ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သမားရိုးကျရောင်းဝယ်ခြင်းမဟုတ်သည့် လုပ်ငန်းများကိုထိန်းကျောင်းနိုင်ရေးအတွက် လည်းကောင်း၊ ဈေးဝယ်အရောင်းစင်တာ(Supermarket) များနှင့် လက်လီလက်ကားဆန်ဆိုင်များတွင် ခင်းကျင်းရောင်းချမှုများအတွက် သိုလှောင်မှုများကို စနစ်တကျရှိစေရန်အတွက်လည်းကောင်း၊ စီးပွားဖြစ်ရောင်းဝယ်ရန်အလို့ငှာ ဆန်တန်ချိန် ၅၀ (သို့မဟုတ်) စပါးတင်း ၅၀၀၀ နှင့် အထက်သိုလှောင်ထားရှိမှုများကို မြန်မာဆန်စပါးအွန်လိုင်း(Myanmar Rice Online-MyRO)စနစ်တွင်မှတ်ပုံတင်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် MRFက အသိပေးကြေညာခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ ၈၇ လုံး၊ ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ ၅၂ လုံး၊ ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ ၁၀ လုံး၊ မန္တလေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ လေးလုံး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိုလှောင်ရုံတစ်လုံး၊ နေပြည်တော်ကောင်စီနယ်မြေမှသိုလှောင်ရုံ ၁၉ လုံးနှင့် ရခိုင်ပြည်နယ်မှ သိုလှောင်ရုံတစ်လုံး စုစုပေါင်းသိုလှောင်ရုံ ၁၇၄ လုံးအား မှတ်ပုံတင်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

“MyRO Website ထဲကိုဝင်တင်လို့ရပါတယ်။ သိုလှောင်ရုံအတိုင်းအတာအရ စက်က Software နဲ့ Auto သတ်မှတ်ပေးသွားမယ်။ ကုမ္ပဏီအနေနဲ့ဆို တစ်သိန်းခွဲကအများဆုံး။ လူပုဂ္ဂိုလ်အနေနဲ့ဆိုရင် ရှစ်သောင်းအများဆုံးပါ။ ဒီဇင်ဘာလအထိ သိုလှောင်ရုံပေါင်း ၁၇၄ လုံးမှတ်ပုံတင်ခဲ့တယ်။ အခုလက်ရှိဆိုရင်မှတ်ပုံတင်တာ သိုလှောင်ရုံပေါင်း ၂၀၀လောက်ရှိနေပြီ”ဟု ဆန်စပါးအသင်းချုပ်နှင့်နီးစပ်သူထံမှ သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်ဆန်စပါးအသင်းအဖွဲ့များ၏ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်အသင်းခွဲများ၊ ဒေသကော်မတီများ၊ ကုန်စည်ဒိုင်များအနေဖြင့် မိမိတို့အသင်းဝင်များ၏ ဆန်စပါး သိုလှောင်မှုမှတ်ပုံတင်ခြင်းလုပ်ငန်းကို အချိန်မီဆောင် ရွက်နိုင်ရေးစီစဉ်ညှိနှိုင်းဆောင်ရွက်ပေးရန် လည်းကောင်း၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ အနေဖြင့်လည်းသတ်မှတ်ချက်များနှင့်အညီ MyRO တွင် မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ရန် လည်းကောင်း၊ ဈေးဝယ်စင်တာ(Supermarket) များအနေဖြင့်လည်း မိမိတို့၏စင်တာများတွင် ခင်းကျင်းရောင်းချသောဆန်အိတ်များသိုလှောင်သည့် သိုလှောင်ရုံများမှတ်ပုံတင်နိုင်ရေးကို အထူးအလေးပေးကြပ်မတ်ဆောင်ရွက်ပေးရန် စားသုံးသူရေးရာဦးစီးဌာနက ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စာဖြင့်ပေးပို့အကြောင်းကြားထားသဖြင့် သိရှိလိုက်နာဆောင်ရွက်ပေးရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အသိပေးထားသည်။

**MT**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်တတ်မှု Critical Thinking ဆိုရာဝယ်

မောင်မောင်လင်း

**(ယမန်နေ့မှအဆက်)**

## Creative Thinking ဆိုတာဘာလဲ

နောက်တစ်ခုကတော့ Creative Thinking ဆိုတဲ့ အသစ်အသစ်သောဖြေရှင်းချက်တွေနဲ့ ပိုမိုကောင်းမွန်တဲ့ရလဒ်ထွက်ပေါ်အောင် တွေးခေါ်နိုင်စွမ်းရှိတဲ့ Skill တစ်မျိုးပါ။ Critical Thinking နှင့် Creative Thinking ဟာ ကွဲပြားခြားနားပေမယ့် Critical Thinking ဆိုတာ Creativity ရဲ့အစိတ်အပိုင်းတစ်ခုပဲဖြစ်ပါတယ်။ ဖန်တီးတွေးခေါ်နိုင်စွမ်းတွေ၊ အတွေးအမြင်သစ်တွေကို တိုးတက်ပြောင်းလဲချိန်ဆတတ်လာအောင် Critical Thinking ဟာ တစ်ထောင့်တစ်နေရာကဖြစ်ဖြစ် လိုကိုလိုအပ်ပါတယ်။ Creative Thinking ဆိုတာကတော့ ကိစ္စတစ်ရပ်ကို မတူညီတဲ့ရှုထောင့်တစ်ခုကနေ စဉ်းစားနိုင်စွမ်း၊ Out of the Box လွတ်လွတ်လပ်လပ်ဖောက်ထွက်တွေးခေါ်နိုင်စွမ်းကို ဆိုလိုတာဖြစ်ပါတယ်။

ဒါကြောင့် အများနဲ့မတူတဲ့ ရှုထောင့်အသစ်တွေကတစ်ဆင့် ကိစ္စတိုင်းကို မြင်တတ်လာပြီး ဆန်းသစ်တဲ့ဖြေရှင်းချက်မျိုးတွေ၊ စိတ်ကူးစိတ်သန်းတွေပေါ်ထွက်လာနိုင်ပါတယ်။ ယခင်ဘယ်တုန်းကမှ မတွေးမိခဲ့ဖူးတဲ့၊ မစဉ်းစားမိဖူးတဲ့ အတွေးအခေါ်အကြံဉာဏ်အသစ်တွေ ထုတ်တာမျိုးဖြစ်ပြီး "Brainstorming" လုပ်တယ်ဆိုတာ Creative Thinking ပုံစံတစ်မျိုးပဲဖြစ်ပါတယ်။ ဒီနေရာမှာ အများနဲ့မတူအောင်ဆိုပြီး လူအများလက်ခံထားရှိပြီးဖြစ်တဲ့ အကြောင်းအရာတွေကို ပြောင်းပြန်လှန်လိုက်တဲ့ပုံစံမျိုး၊ ဥပမာအားဖြင့် အများက ဗီလိန်လို့ လက်ခံထားတဲ့သူမျိုးကို ခေါင်းဆောင်မင်းသားဖြစ်သွားအောင် ဖန်တီးထားတာမျိုးက Creativity ရှိတဲ့ Thinking မျိုးလို့ သတ်မှတ်လို့တော့ ရနိုင်ပါတယ်။ ဒါပေမဲ့ Critical Thinking နဲ့ Creative Thinking နှစ်မျိုးလုံးက ထွက်ပေါ်လာမယ့် ရလဒ်အမြင်ဟာ အများကို အကျိုးယုတ်စေတာမျိုး၊ သတ်မှတ်လက်ခံထားပြီးဖြစ်တဲ့ စံနှုန်းတွေနဲ့ သွေဖည်နေတာမျိုး၊ လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေတာမျိုး၊ လောကဓမ္မနဲ့ သဘာဝတရားကို ဖီလာဆန့်ကျင်နေတဲ့အတွေးအမြင်မျိုးတွေ မဖြစ်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

ဒါဆိုရင် မြတ်ဗုဒ္ဓရဲ့အတွေးအမြင်တွေဟာ Critical Thinking လား၊ Creative Thinking လား ဆိုတဲ့မေးခွန်းပါ။ နိုင်ငံတကာပညာရှင်အားလုံး စံထားရတဲ့ Critical Thinking တွေကတော့ **ဗုဒ္ဓရဲ့ ကာလာမသုတ်၊ သစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါးတရားတော်တွေ**အပါအဝင် ဗုဒ္ဓဟောကြားခဲ့တဲ့ တရားဓမ္မအားလုံးပါဝင်ပါတယ်။ ဒ့ါအပြင် ဗုဒ္ဓဟောကြားခဲ့တဲ့ ဓမ္မတွေဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနဲ့ ဉာဏ်ပညာမြင့်မားစေဖို့၊ မိမိကိုယ်ကို သတိအမြဲကပ်တဲ့စိတ်မျိုးဖြစ်အောင် တည်ဆောက်နေဖို့နဲ့ ဘဝရဲ့စိန်ခေါ်မှုတွေအပေါ် စိတ်တံခါးဖွင့်ထားပြီး ဆန်းသစ်ဖန်တီးမှုရှိတဲ့ စိတ်နေစိတ်ထားမျိုးနဲ့ ရင်ဆိုင်သွားနိုင်အောင် တိုက်တွန်းအားပေးမှုမျိုးလည်း ပါဝင်တာကြောင့် Creative Thinking ပုံစံမျိုးလည်းဖြစ်တယ်လို့ တညီတညွတ်တည်း လက်ခံထားရှိကြပါတယ်။

ဒါကြောင့်လည်း ဗုဒ္ဓရဲ့ဓမ္မအချို့မှာ ဘယ်လိုဟောကြားခဲ့တာလဲဆိုတာကို ပြန်လည်သတိရအောက်မေ့ကြည့်လိုက်မိတဲ့အခါ သစ္စာရွှေစည်ဆရာတော်ဟောကြားခဲ့တဲ့ "မအိုမီ၊ မနာမီ" ဆိုတဲ့တရားတော်မှာ မြတ်ဗုဒ္ဓက အနာဂတဘာဂပရသုတ္တန်ထဲမှာ နောင်တစ်ချိန်မှာ တွေ့ကြုံရမယ့်ဘေးတွေ၊ နောင်တစ်ချိန်မှာ တွေ့ကြုံရမယ့်အန္တရာယ်တွေအဖြစ်လာမယ့်အနာဂတ်မှာ တွေ့ကြုံနိုင်တဲ့ (၁) အိုခြင်း၊ (၂) နာခြင်း၊ (၃) စားနပ်ရိက္ခာငတ်မွတ်တဲ့ဘေး၊ (၄) လူတွေ စိတ်ဝမ်းကွဲပြားတဲ့ဘေး၊ (၅) သံဃာတွေ စိတ်ဝမ်းကွဲပြားတဲ့ဘေး အစရှိတဲ့ ဘေးငါးမျိုးရှိတာကို ရှင်းပြပြီးနောက် သူတော်ကောင်းတရား ပြုလုပ်ကြဖို့ တိုက်တွန်းထားပါတယ်။

လူတွေဟာ အိုတတ်တဲ့သဘောရှိတယ်။ အိုလာရင် အစွမ်းအစက တဖြည်းဖြည်းနဲ့တိုးသွားတယ်။ အရည်အသွေးက ကျသွားတယ်။ နာတာကတော့ အန္တရာယ်တစ်မျိုးဖြစ်တယ်။ ပိုပြီး ထိတ်လန့်စရာကောင်းတယ်။ အိုတာကမှ စိတ်ကလေးကောင်းကောင်းနဲ့ နှလုံးသွင်းကျော်ဖြတ်လို့ ရသေးတယ်။ နာတာက တော်ရုံကျော်ဖြတ်ဖို့ မလွယ်ပါ။ အိုမှုတင်မက နာမှုပါ နှိပ်စက်လာရင် ပိုပြီးကြောက်ဖို့ကောင်းပါတယ်။ ဒါဟာ လူပုဂ္ဂိုလ်တိုင်း ရှောင်လို့မရတဲ့ ဘေးဒုက္ခနှစ်မျိုးပဲဖြစ်ပါတယ်။ နောက်ပြီး အခန့်မသင့်လို့ရှိရင် အစာရေစာရှားပါးတာမျိုးတွေလည်း ရှိတတ်သလို အယူအဆမတူ၊ လူမျိုးမတူ၊ နေရာဒေသမတူလို့ စိတ်ဝမ်းကွဲပြားပြီး သူပုန်သူကန်ထ၊ တိုက်ကြခိုက်ကြတာမျိုး၊ ပြေးကြလွှားကြ ပုန်းကြခိုကြနဲ့ ငြိမ်းငြိမ်းချမ်းချမ်းမရှိတာမျိုးသာမက သံဃာတွေအကြား စိတ်ဝမ်းကွဲပြားပြီး ညီညွတ်မှုမရှိတာမျိုးတွေကြောင့် သူတော်ကောင်းတရားကျင့်ဖို့ အန္တရာယ်ကြီးတာမျိုး ဖြစ်ပေါ်နိုင်တယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။

ဗုဒ္ဓရဲ့ဟောကြားမှုက အလွန်အသေးစိတ်ပါတယ်။ စစ်မှန်တဲ့ချမ်းသာရဖို့၊ ဒီလမ်းစဉ်ကို ဖြောင့်ဖြောင့်လျှောက်နိုင်ဖို့ သံဝေဂတွန်းအားလိုတာကြောင့် အဲဒီလိုထိတ်လန့်ဖွယ်ရာအကြောင်းတွေအပေါ် မှန်မှန်လေးပဲတွေးပြီး စဉ်းစားကြည့်လိုက်ရုံနဲ့ အမြင်မှန်ထွက်လာမှာဖြစ်ပါတယ်။ ဒါနဲ့ရဟန်းတစ်ပါးက စဉ်းစားမိပါတယ်။ သူဟာ အခုငယ်ရွယ်သေးတယ်၊ နုပျိုနေသေးတယ်။ ဒါပေမဲ့လည်း အဲဒီလိုအခြေအနေက အမြဲတမ်း ဒီလိုပဲသွားနေမှာ မဟုတ်ဘူးပေါ့။ တစ်ချိန်မှာ သူအိုလာလိမ့်မယ်။ အိုလာရင် မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို လိုက်နာဖို့ မလွယ်တော့ဘူး။ တစ်ယောက်တည်း တောတောင်လို ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီး အခုလို ရှုပ်ရှုပ်ချုံချုံ လုပ်နိုင်ဖို့မလွယ်ဘူး။ ဒါကြောင့် မအိုသေးတဲ့အချိန်ကစလို့ မရသေးတဲ့တရား၊ မရောက်သေးတဲ့တရား၊ မျက်မှောက်မပြုရသေးတဲ့တရားကို မျက်မှောက်ပြုနိုင်ဖို့အတွက် ဒီအလုပ်ကို ဇောက်ချပြီးတော့ လုပ်မှဖြစ်မယ်လို့ စဉ်းစားမိတယ်။

သူဒီအလုပ်ကို လုပ်လိုက်မိခဲ့လို့ သူတော်ကောင်းတရားကို သိသွားခဲ့ရင် သူအိုတဲ့အချိန်မှာ ချမ်းချမ်းသာသာနေရလိမ့်မယ်ဆိုတဲ့ အတွေးနဲ့ မြတ်သောအကျင့်ကို ကျင့်ဖြစ်သွားတယ်လေ။ အဲဒီအထဲက စဉ်းစားစရာနှစ်ချက်ပေါ်လာပါတယ်။ အိုလာတဲ့အချိန်မှာ မြတ်စွာဘုရားရဲ့အဆုံးအမကို လိုက်နာကျင့်သုံးဖို့ မလွယ်တော့ဘူး၊ အကယ်၍သာ သူတော်ကောင်းတရားကိုငယ်ကတည်းကသိအောင် လုပ်ထားခဲ့ရင် အိုလာတဲ့အချိန်မှာ ချမ်းချမ်းသာသာနေရလိမ့်မယ်ဆိုတာပါ။ အခုလိုလွယ်နေတဲ့အချိန်မျိုးမှာတောင် ခက်ခဲနေသေးရင် အိုလာခဲ့ရင် ပိုလို့တောင်လွယ်မှာမဟုတ်ဘူးဆိုတဲ့ အတွေးမျိုးဖြစ်လာတာမျိုးပါ။ ခန္ဓာကိုယ်က အကုန်လုံးကောင်းကောင်းမွန်မွန် သွက်သွက်လက်လက် လန်းလန်းဆန်းဆန်းရှိနေတဲ့ အခုလိုအချိန်အခါမျိုးမှာတောင် ဒီအလုပ်ကိုလုပ်ရတာခက်တယ်လို့ စိတ်ကထင်နေတာ၊ အိုလာရင် ပိုခက်မှာပေါ့။ နုပျိုတဲ့လူတွေထက် အိုမင်းတဲ့သူအတွက် ပိုခက်ခဲတယ်လို့ ဆိုလိုရင်းဖြစ်ပါတယ်။

အကယ်၍သာ အိုလာတဲ့အခါမှာ သူတော်ကောင်းတရားကို မသိခဲ့ရင် ဆင်းရဲရလိမ့်မယ်၊ သိခဲ့ရင် ချမ်းသာမယ်ဆိုတဲ့အပေါ် ပြောင်းပြန်စဉ်းစားတဲ့အချက်ကိုသာ ပိုပြီးအလေးထားစဉ်းစားမိရင် ပိုပြီးသံဝေဂရလိမ့်မယ်၊ ထိတ်လန့်လာလိမ့်မယ်။ အိုလာရင် တွေ့ကြုံရမယ့် အတွေ့အကြုံတွေကလည်း ဆင်းရဲဖို့ချည်းပဲဖြစ်ပါတယ်။ ကိုယ့်ဘာသာအဆင်မပြေသလို ပတ်ဝန်းကျင်ကလည်း လူအိုတစ်ယောက်အပေါ် ဆက်ဆံလာမှာမျိုးတွေကလည်း အစစအရာရာအဆင်ပြေစရာမရှိနိုင်ပါ။

ဒီလို စဉ်းစားတွေးတောတတ်တာမျိုးက အနာဂတ်အတွက်ကိုလည်း ထည့်တွက်တာမျိုးပါ။ အခုသူတော်ကောင်းတရားကို ကျင့်သုံးလို့ စိတ်နှလုံးချမ်းသာတာဟာ အနာဂတ်အတွက်လည်း အဆင်ပြေအောင် ကြိုတင်ပြီးတော့ စီစဉ်ရာလည်း ရောက်တယ်လို့ မြင်လာတာမျိုးဖြစ်ပါတယ်။ ဒီလိုပဲ နာလာတဲ့အချိန်မှာ သူတော်ကောင်းတရားကို ကျင့်သုံးဖို့ မလွယ်ပါဘူး။ အကယ်၍ သူတော်ကောင်းတရားကို သိထားပြီးဖြစ်နေမယ်ဆိုရင် နာလာတဲ့အချိန်မှာ ချမ်းချမ်းသာသာနဲ့နေနိုင်လိမ့်မယ်။ ဒါဟာ အိုခြင်းတရားထက် ပိုပြီးထင်ရှားပါတယ်။ အိုတာနဲ့စပ်လျဉ်းလို့ကတော့ အိုတာဟာ ရှောင်လွှဲလို့မှမရတာဆိုပြီး ခံယူလို့ရပေမယ့် နာလာပြီဆိုရင်တော့ အိုတာထက် အဆပေါင်းများစွာ ပြင်းထန်တဲ့ဒုက္ခကို ဖြစ်စေလိမ့်မယ်။ မသိသေးသူတွေဟာ မနာသေးလို့သာ နာခြင်းရဲ့ ပူလောင်ခါးသီးမှုကို မသိသေးတာဖြစ်ပါတယ်။

တကယ် နာနေတဲ့အချိန်မှာ သူတော်ကောင်းတရားလုပ်ဖို့ခက်ပါတယ်။ အကယ်၍ သူတော်ကောင်းတရားကို သိထားရင် နာလာတဲ့အချိန်မှာ ချမ်းချမ်းသာသာနေနိုင်မယ်ဆိုတာကိုသာ ကြိုသိထားခဲ့ရင် အလွန်ကောင်းမှာဖြစ်ပါတယ်။ ဒါကို မသိထားလို့ကတော့ နာလာတဲ့အချိန်မှာ ဆင်းရဲမှာ၊ ပင်ပန်းမှာပေါ့။ နာလို့ ဆင်းရဲတာကတစ်မျိုး၊ မသေချင်လို့ ဆင်းရဲတာကတစ်မျိုး၊ မနာလို့ သုခရတာမျိုးထက် နာလာတဲ့အချိန်မှာ နာလို့ထက် နာခြင်းကို လက်မခံလို့ ဒုက္ခရောက်ရတာက ပိုများပါတယ်။ သေတဲ့ဒုက္ခထက် မသေချင်လို့ဖြစ်တဲ့၊ စိတ်တိုင်းမကျတဲ့ ဒုက္ခက ပိုများပိုပြင်းထန်ပါတယ်။ လူရယ်လို့ ဖြစ်လာခဲ့ရင် အိုရမယ်၊ နာရမယ်၊ နောက်ဆုံးသေရမယ်ဆိုတဲ့ သဘာဝတရားကို နားမလည်လို့ လက်မခံနိုင်တာမျိုးပါ။ သဘာဝတရားကတော့ မိမိလက်မခံနိုင်တဲ့အပေါ် အသိအမှတ်မပြုဘဲ သူ့ပုံမှန်အတိုင်းသာ သွားနေမှာဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်က ကုဋေ ၈၀ သူဌေးသားနဲ့ သူဌေးသမီး စုစုပေါင်း ကုဋေ ၁၆၀ တောင် ချမ်းသာကြတယ်လေ။ ဒါပေမဲ့ မိဘတွေ အမြော်အမြင်မရှိတာရယ်၊ သူတို့ကိုယ်တိုင်ရဲ့ မထိန်းသိမ်းနိုင်မှုတွေရယ်ကြောင့် ပိုင်ဆိုင်မှုအားလုံး ပျက်စီးဆုံးရှုံးကုန်တယ်။ နောက်ဆုံး ကျောင်းမှာ ဆွမ်း၊ ကွမ်းအကျန် တောင်းစားရတဲ့ဘဝရောက်သွားတယ်။ အဲဒီအဖြစ်အပျက်နဲ့စပ်လျဉ်းပြီး မြတ်စွာဘုရားက သူတို့နှစ်ဦးဟာ အကယ်၍များ ပထမအရွယ်မှာသာ စီးပွားရှာခဲ့ရင် ပထမတန်းစားသူဌေးကြီးတွေဖြစ်ကြမှာ၊ တရားရှာခဲ့ရင်လည်း ယောက်ျားက ရဟန္တာ၊ မိန်းမက အနာဂါမ်ဖြစ်ကြမှာ။ ဒုတိယအရွယ်မှာဆိုရင်လည်း ဒုတိယတန်းစားသူဌေးကြီး ဒါမှမဟုတ် အနာဂါမ်နဲ့ သကဒါဂါမ်အသီးသီးဖြစ်မှာ၊ နောက်ဆုံး တတိယအရွယ်ကြမှလုပ်ခဲ့ဦးတော့ တတိယတန်းစားသူဌေးကြီး ဒါမှမဟုတ် သကဒါဂါမ်နဲ့ သောတာပန်အသီးသီးဖြစ်မှာလို့ ဟောကြားရှင်းပြတော်မူခဲ့ပါတယ်။

အဲဒီမှာတွေ့ရတဲ့နိယာမက အသက်ကြီးလာလေလေ ဖြစ်နိုင်ခြေ နည်းလာလေလေ၊ အရည်အသွေးကျလာလေလေဆိုတာပါပဲ။ ဒါကြောင့် လူတွေဟာ အရည်အသွေးကျလာမှာကို စောင့်နေသလိုမျိုးဖြစ်နေပါတယ်။ အရွယ်ရှိတုန်း တရားလည်း မရှာ၊ စီးပွားလည်းမရှာဘဲ မေ့မေ့လျော့လျော့နေလာတဲ့သူတွေဟာ အသက်ကြီးအရွယ်ရလာရင် ငါးလည်းကုန် ရေလည်းခန်းနေတဲ့ ညွန်အိုင်မျိုးမှာ အတောင်ကျိုးနေတဲ့ ကြိုးကြာအိုမှိုင်သလို မှိုင်နေရလိမ့်မယ်ဆိုပြီး လူအိုတို့ရဲ့ဘဝကို ဖော်ညွှန်းတဲ့ဂါထာတစ်ပုဒ်ကို ရွတ်ဆိုပြခဲ့ပါတယ်။ လူအိုဖြစ်လာခဲ့ရင် ဒီလိုအဆင်မပြေလို့ ဟိုလိုလုပ်ချင်ပေမယ့်လည်း လုပ်လို့မရတော့ အဆင်မပြေတာကို ကြိတ်မှိတ်ပြီး နေနေရတာကို ဖော်ကျူးပြလိုက်တာပါ။

တကယ်လို့များ သူဟာ သူတော်ကောင်းတရား သိထားခဲ့ရင်တော့ မျက်နှာငယ်စရာမရှိဘူးပေါ့။ ငယ်တုန်းအချိန်မျိုးမှာ စီးပွားလည်းမရှာ၊ တရားလည်းမရှာဘဲ ဖြစ်သလို နေထိုင်စားသောက်ပြီး နေလာတဲ့သူဟာ လေးညို့က လွတ်ထွက်သွားတဲ့ မြားတန် အရှိန်ကုန်သွားရင် ဘာအစွမ်းမှ မရှိတော့ဘဲ မြေပေါ်ကိုသာ ကျရောက်တာမျိုးအပေါ် ဖော်ကျူးတဲ့ ဒုတိယဂါထာကိုလည်း ရွတ်ဆိုပြတော်မူခဲ့ပါတယ်။

ဒါကြောင့်မို့ လေးပေါ်တင်၊ အရှိန်နဲ့ဆွဲပြီး ပစ်တဲ့အချိန်မျိုးမှာသာ လေးညို့ရဲ့တွန်းအားအရှိန်နဲ့ ပြေးရမှာပါ။ အဲဒီအရှိန်ကလည်း ထာဝရရှိနေမှာ မဟုတ်ပါဘူး။ တဖြည်းဖြည်းအရှိန်ကုန်လာမယ်၊ လုံးဝကုန်သွားပြီဆိုရင်တော့ အောက်ကျသွားပြီး လုံးဝမလှုပ်နိုင်တော့ဘဲ အစွမ်းတုံးသွားတာမျိုးပေါ့။ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောပြီး စိတ်ကို အဆာဖြေသလိုမျိုး ငယ်ငယ်တုန်းက ရွှေထီးဆောင်းခဲ့ရတာတွေသာ ပြောနေရတဲ့ လူအိုတွေရဲ့ဘဝမျိုးရောက်သွားမယ်လို့ ဖော်ကျူးဟောကြားခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ နောက်ထပ်သင်ခန်းစာယူသင့်တာကတော့ မြန်မာစကားမှာ စကားအဖြစ် ပြောပြောနေကြတဲ့ "ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာ" ဆိုတဲ့ စကားအစား၊ မည်သည့်အရွယ်မျိုးမှာမဆို အထူးသဖြင့် "မအိုမီ မနာမီ" စောနိုင်သမျှ စောစီးစွာ ပညာ၊ ဥစ္စာ၊ တရားရှာဖွေထားနိုင်ရမယ်ဆိုတာပဲဖြစ်ပါတယ်။

ဒါကြောင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တိုင်းဟာ မိမိရဲ့နေ့စဉ်သက်ဝင်လှုပ်ရှားနေရတဲ့ဘဝထဲမှာ Critical Thinking နည်းနဲ့ပဲဖြစ်ဖြစ် Creative Thinking နည်းနဲ့ပဲဖြစ်ဖြစ်၊ နှစ်နည်းလုံးကို ပေါင်းစပ်ထားတာမျိုးနဲ့ပဲဖြစ်ဖြစ် မိမိကြုံတွေ့နေရတဲ့ အခြေအနေပေါ်မူတည်ပြီး အကောင်းဆုံးနဲ့ အသင့်လျော်ဆုံးရလဒ်မျိုးကို ပေးစွမ်းနိုင်မယ့် နည်းလမ်းကို ရွေးချယ်အသုံးပြုပြီး အခက်အခဲတွေကို ဖြေရှင်းသွားကြရမှာဖြစ်ပါတယ်။ ဒီလိုမှန်ကန်ကောင်းမွန်ဆန်းသစ်တဲ့ တွေးခေါ်မှုမျိုးရှိထားမှသာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးပေါ်ထွန်းစေနိုင်တဲ့ မှန်ကန်ကောင်းမွန်တဲ့အမြင်မျိုး ရရှိနိုင်မှာဖြစ်ပါကြောင်း။ ။

> **မြတ်ဗုဒ္ဓရဲ့အတွေးအမြင်တွေဟာ** Critical Thinking **လား၊** Creative Thinking **လား ဆိုတဲ့မေးခွန်းပါ။ နိုင်ငံတကာပညာရှင်အားလုံး စံထားရတဲ့** Critical Thinking **တွေကတော့ ဗုဒ္ဓရဲ့ ကာလာမသုတ်၊ သစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါးတရားတော်တွေအပါအဝင် ဗုဒ္ဓဟောကြားခဲ့တဲ့ တရားဓမ္မအားလုံးပါဝင်ပါတယ်။ ဒ့ါအပြင် ဗုဒ္ဓဟောကြားခဲ့တဲ့ဓမ္မတွေဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနဲ့ ဉာဏ်ပညာမြင့်မားစေဖို့၊ မိမိကိုယ်ကို သတိအမြဲကပ်တဲ့စိတ်မျိုးဖြစ်အောင် တည်ဆောက်နေဖို့နဲ့ ဘဝရဲ့စိန်ခေါ်မှုတွေအပေါ် စိတ်တံခါးဖွင့်ထားပြီး ဆန်းသစ်ဖန်တီးမှုရှိတဲ့စိတ်နေစိတ်ထားမျိုးနဲ့ ရင်ဆိုင်သွားနိုင်အောင် တိုက်တွန်းအားပေးမှုမျိုးလည်း ပါဝင်တာကြောင့်** Creative Thinking **ပုံစံမျိုးလည်းဖြစ်**

# မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၁၃**

မန္တလေး တိုင်းဒေသကြီး အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင် ၁၀၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ၁၀၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



ထို့နောက်ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များကိုယ်စား ဂေါပကအဖွဲ့ဝင်တစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများ အပေါ် ကျေးဇူးတင်စကား ပြောကြားပြီး ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။



ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ ဘုရားဖူးလာ ဂေါပက အဖွဲ့ဝင်များသည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ထို့နောက်ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြသည်။

**သတင်းစဉ်**

■

# ကျောက်ဆည်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ လှူဒါန်းပွဲကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် အားကစားပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ကျောက်ဆည်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ထူးက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်နှင့် စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ထူးက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ Outdoor Fitness တစ်စုံ ပေးအပ်လှူဒါန်းရာ ဆရာဦးတင်အောင်မိုးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ/ရသ စာအုပ်များနှင့် လူငယ်စကားဝိုင်း ဆောင်ရွက်မှု၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီးရှိ ဦးမောင်ကြီး အာရုံခံတန်ဆောင်း၌ ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် ရွှေမုဋ္ဌောမဟာစေတီတော် မြတ်ကြီးနှင့် အရံစေတီတော်များ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လှူဒါန်းသည့် အလှူငွေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား တိုင်းမှူးက ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ မရမ်းချိုပရိယတ္တိစာသင်တိုက် ဆရာတော် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား ကောဇာသက္ကရာဇ် ၂၈၉ ခုနှစ်တွင် ပါဋလိပုတ်(အိန္ဒိယ)ပြည့်ရှင်ဘုရင် သီရိဓမ္မာသောက မင်းကြီးက ရွှေအာဏာအမည်တော်ဖြင့် စတင်တည်ထားကိုးကွယ်တော်မူခဲ့သည်။ ထိုမှတစ်ဆင့် အထက်မြန်မာပြည် ပုဂံမြို့ ပေါက်ကံရာမပြည့်ရှင် အလောင်းစည်သူမင်းသည် ဖြိုကြွင်းသက္ကရာဇ် ၄၅၇ ခုနှစ်၌ ထူပါရုံဟူသော ဘွဲ့တော်ချီစေလျက် တိုးမြှင့်တည်ထားကိုးကွယ်တော်မူပြန်သည်။ ၎င်းမှတစ်ဆင့် ကောဇာသက္ကရာဇ် ၆၀၀ ပြည့်နှစ်၌ ပုသိမ် ၃၂ မြို့ကို အစိုးရသော သမုဒ္ဒဃောသနှင့် ဥမ္မာဒန္တီတို့က ရွှေမုဋ္ဌောဟူသော အမည်တော်ဖြင့် ထပ်ဆင့်တိုးမြှင့် တည်ထားကိုးကွယ်တော်မူခဲ့ရာ ယနေ့အချိန်ထိပင် ဖြစ်သည်။ ယခင်တွင်လည်း ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ခြင်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်ခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီ ၉ ရက်တွင် ပြီးစီးခဲ့ပြီး ယခုအခါတွင်လည်း ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ စတင်၍ ကပ်လှူပူဇော်နေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**မော်လမြိုင် ဇန်နဝါရီ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံအခြေပြု အနေဖြင့် ကျန်းမာရေး ဝန်ထမ်းများကို မော်လမြိုင် အထွေထွေရောဂါကု ဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး(မော်လမြိုင်မြို့)တို့တွင် လည်းကောင်း၊ ပြည်သူလူထုအခြေပြု ထိုးနှံခြင်းကို မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် လည်းကောင်း ထိုးနှံပေးသည်။



ထို့နောက် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ ၂၂၄ ဦးကို မော်လမြိုင်မြို့ အထွေထွေ ရောဂါကုဆေးရုံကြီး၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ မော်လမြိုင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနတို့တွင် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း ဆောင်ရွက်ပေးနေမှုကို ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများအား ဦးတည်အုပ်စုများ အတိုင်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

❖



# မအူပင်ခရိုင်ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ ဓနုဖြူမြို့ရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများ ဆောင်ရွက်

**ဓနုဖြူ ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင် ဦးဆောင်သည့် အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ စုစုပေါင်း ၄၁ ဦး ပါဝင်သည့်အဖွဲ့သည် ဓနုဖြူမြို့ရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေး ကုသမှုများ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အထွေထွေရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အကြောအဆစ်ရောဂါ ၇၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၁၄၃ ဦး၊ သွားရောဂါ ၂၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် စိတ်ကျန်းမာရေးလူနာ သုံးဦး၊ ခါတ်မှန်ရိုက်လူနာ ၁၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၈ ဦး၊ အရိုးရောဂါ ၃၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးကုသပေးနေမှုများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်တို့က လိုက်လံကြည့်ရှုအားပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မန္တလေးမြို့၌ လူငယ်ပွဲတော် ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် လူငယ်ရေးရာကော်မတီ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေမည့် အစီအစဉ်များ၊ စိတ်ပျော်ရွှင်စေမည့် စိတ်ဝင်စားဖွယ်ရာ ပြပွဲ ပြိုင်ပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပညာရေးကဏ္ဍအစီအစဉ်အနေဖြင့် ကျောင်းသား ကျောင်းသူများအတွက် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပကာ ကျောင်းသား ကျောင်းသူများ၏ ဉာဏဗလကို မြှင့်တင်ပေးပြီး ဆုချီးမြှင့်ခြင်း အစီအစဉ်များလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း ပွဲတော်လာ ကျောင်းသားလူငယ်များ စိတ်ပျော်ရွှင်စေရန်အတွက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စက္ကူအရုပ်ခေါက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲ စသည့် စိတ်ဝင်စားဖွယ်ရာ ပြိုင်ပွဲများကိုလည်း ထည့်သွင်းသွားမည့်အပြင် စာအုပ်စာပေဖတ်ရှုခြင်းကို စိတ်အားထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများအတွက် Mobile Library စာအုပ်ပြခန်း၊ စာအုပ်ပြပွဲများ၊ ကလေးငယ်များအတွက် ကလေးစာဖတ်ခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲဝင်ထားသည့် မှတ်တမ်းဓာတ်ပုံများကိုလည်း ဓာတ်ပုံပြခန်းပြုလုပ်၍ ကဏ္ဍစုံလင်စွာဖြင့် ပြသသွားမည်ဖြစ်သည်။

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် တစ်ခုအပါအဝင်ဖြစ်သည့် ကာယဗလဖွံ့ဖြိုးရေးအတွက် အားကစားနှင့် လူငယ်ရေးရာကော်မတီမှ အားကစားနှင့် သက်ဆိုင်သည့် သရုပ်ပြသခြင်း၊ ပြိုင်ပွဲ ကျင်းပပေးခြင်းများနှင့် ဖျော်ဖြေရေးအစီအစဉ်ကောင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် သိသင့်သိထိုက်သည့် အကြောင်းအရာများကို ပြခင်းပြကွက်စုံလင်စွာဖြင့် ပြသမည့် လူငယ်ပွဲတော်သို့ ကျောင်းသားလူငယ်များ လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းကမ်းရိုးတန်းတစ်လျှောက် အရှည်လျားဆုံး ပင်လယ်ကူးတံတား ဖွင့်လှစ်

နယူးဒေလီ ဇန်နဝါရီ ၁၃

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းကမ်းရိုးတန်းတစ်လျှောက် အရှည်လျားဆုံး ပင်လယ်ကူးတံတားကို ယမန်နေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပင်လယ်ကူးတံတားတည်ဆောက်ရေး စီမံကိန်းကို ဂျပန်နိုင်ငံ၏ ငွေကြေးနှင့် နည်းပညာ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ခဲ့ခြင်း ဖြစ်သည်။ Atal Setu Nhava Sheva အမည်ရှိ ပင်လယ်ကူးတံတားသည် မွမ်ဘိုင်းမြို့အလယ်ပိုင်း Sewri နှင့် ပြည်မကြီးရှိ Raigad ခရိုင် Chirle မြို့ကို သွယ်တန်းထားသည်။

ယင်းတံတားသည် ၂၂ ကီလိုမီတာ ရှည်လျားပြီး အာရေဗျပင်လယ်ရှိ သိမ်းမြစ်ကိုဖြတ်ကျော် တည်ဆောက်ထားသည်။ ရထားလမ်းနှစ်လမ်းနှင့် မော်တော်ကားလမ်း ခြောက်လမ်းတို့ပါရှိသည်။

အဆိုပါတံတားကို ၂၀၁၈ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့သည်။ ကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းကျော်သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ချေးငွေ ယန်း ၂၄၂ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ) ခန့်ရှိသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပင်လယ်ကူးတံတားကို ဇန်နဝါရီ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါ တံတားတည်ဆောက်ရေးတွင် ဂျပန်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မွမ်ဘိုင်းမြို့သည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး စီးပွားရေးမြို့တော်ဖြစ်သည်။ လူဦးရေ ၁၈ သန်းခန့် နေထိုင်လျက်ရှိပြီး ယခုဖွင့်လှစ်ခဲ့သည့်တံတားသည် ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှုကို သက်သာစေမည်ဖြစ်သည်။



တံတားဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ဆူဇူကီး ဟီရိုရှီလည်း တက်ရောက်ခဲ့သည်။

ဂျပန်နိုင်ငံ၌ အိန္ဒိယလူ့အဖွဲ့အစည်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာ၊ အတွေ့အကြုံနှင့် လူသားအရင်းအမြစ်များရှိကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၂၃၇၀၈ ဦးအထိ ရှိလာ

ဂါဇာ ဇန်နဝါရီ ၁၃

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူ ၂၃၇၀၈ ဦးအထိ ရှိလာခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးစစ်ဘက်၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၅၁ ဦး သေဆုံးပြီး ၂၄၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်ကတည်းက စတင်ဖြစ်ပွားခဲ့သည့် အစ္စရေး-ဟားမတ်စ် ပဋိပက္ခကြောင့် ပါလက်စတိုင်း ၆၀၀၀၅ ဦး ဒဏ်ရာရရှိခဲ့ပြီး အပျက်အစီးများအောက်တွင် သေဆုံးသူအများအပြားရှိနေဆဲဖြစ်ကြောင်းနှင့် လူနာတင်ယာဉ်နှင့် အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့ထံ မရောက်ရှိနိုင်သေးကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်အလယ်ပိုင်း Deir Al-Balah မြို့အနောက်ဘက်ရှိ Al-Aqsa Martyrs ဆေးရုံအနီးတွင် အစ္စရေးက လေယာဉ်ဖြင့်တိုက်ခိုက်မှုကြောင့် ၁၁ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများနှင့် ဒေသခံ သတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်တောင်ဘက် ခန်ယူနစ်နှင့် ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ အယ်လ်မာဂါဇီ ဒုက္ခသည်စခန်းတို့၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း အဆိုပါသတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်





# လစ်ဗျားနိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း ရေနံစိမ်းစည်ပေါင်း ၄၃၂ သန်းကျော် ထုတ်လုပ်ခဲ့

ထရီပိုလီ ဇန်နဝါရီ ၁၃

လစ်ဗျားနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ရေနံစိမ်းစည်ပေါင်း ၄၃၂ သန်းကျော် ထုတ်လုပ်ခဲ့ကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက ဇန်နဝါရီ ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်းက သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁ ဒသမ ၄၄ သန်းနီးပါး၊ ရေနံထွက်ကုန်တန်ချိန် ၆ ဒသမ ၁၇ သန်းနီးပါးနှင့် ရေနံဓာတုဗေဒထုတ်ကုန် ၆၈၂၅၉၄ တန်ထုတ်လုပ်ခဲ့ကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက ပြောကြားသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့သည် လစ်ဗျားနိုင်ငံ၏ ဝင်ငွေရရှိရေးအတွက် အဓိကအရင်းအမြစ်များဖြစ်ကြောင်းလည်း သိရသည်။ သို့ရာတွင် မကြာသေးမီနှစ်များအတွင်းက လက်နက်ကိုင်ပဋိပက္ခများကြောင့် ရေနံမြေများနှင့် ရေနံဆိပ်ကမ်းများ ပိတ်သိမ်းခဲ့ရကာ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ ထိခိုက်ခဲ့ရကြောင်း သိရသည်။

လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းသည် နိုင်ငံ၏ အကြီးဆုံးရေနံမြေ ရှာရာရာအား ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး ရက်ပိုင်းအတွင်း ပိတ်ပစ်ခဲ့ရကြောင်း ဇန်နဝါရီ ၇ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဂျပန်နိုင်ငံရှိ နေရာအများအပြား၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက်ရှိ



တိုကျို ဇန်နဝါရီ ၁၃

ဂျပန်နိုင်ငံရှိ နေရာအများအပြား၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် အီရီကာဝါစီရင်စုရှိ ဆူဇူမြို့၌ နှင်းထု ၁၀ စင်တီမီတာအထိ ရောက်ရှိကြောင်း သိရသည်။ အလားတူ ဝါဂျီမာ စီးတီး၌ အပူချိန် အနုတ် ၃ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိနိုင်ပြီး ကာနာဇာဝါမြို့၌ အနုတ် ၁ ဒီဂရီအထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

### အအေးဒဏ်ကို ပြင်းထန်စွာ ခံစားနေရ

ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည့် အီရီကာဝါစီရင်စု၌ ငလျင်လှုပ်ခတ်မှုကြောင့် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် ငလျင်ဘေးသင့်ပြည်သူများသည် အအေးဒဏ်ကို ပြင်းထန်စွာ ခံစားနေရသည်။

သဘာဝဘေးအန္တရာယ်နှင့် ဆက်နွှယ်သည့် အကြောင်းရင်းများကြောင့် သေဆုံးသူအရေအတွက်လည်း တိုးမြင့်လာကြောင်း သိရသည်။

အဝတ်အစားများ နွေးထွေးစွာ ဝတ်ဆင်ရန်၊ ခန္ဓာကိုယ်ကို ပုံမှန်လှုပ်ရှားရန်နှင့် နေမကောင်းဖြစ်သူများကို စောင့်ကြည့်ရန် အာဏာပိုင်များက ငလျင်ဘေးသင့်ပြည်သူများအား တိုက်တွန်းပြောကြားသည်။

ထို့ပြင် အီရီကာဝါစီရင်စုရှိ နိုတိုဒေသနှင့် အနီးတစ်ဝိုက်တွင် ငလျင်လှုပ်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်ပြီး ရဲဖန်ရံခါ ပြင်းထန်စွာ လှုပ်ခတ်မှုများလည်း ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ ဂျပန်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ ဆီးနှင်းများထူထပ်စွာ ကျဆင်းခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ရာသီဥတုပညာရှင်များက ခန့်မှန်းထားသည်။

ဟိုကူရိကုဒေသနှင့် နီဂါတာစီရင်စုတို့၌ လေအေးများ တိုက်ခတ်နိုင်ပြီး နှင်းများ ၂၀ မှ ၄၀ စင်တီမီတာအထိ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဂျပန်ပင်လယ်ကမ်းရိုးတန်းရှိ ဒေသများတွင်လည်း နှင်းများထူထပ်စွာ ကျဆင်းသွားဖွယ်ရှိသည်။

ဆီးနှင်းများကျဆင်းမှုကြောင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများ ပြိုကျနိုင်သဖြင့် ပြည်သူများ သတိရှိစွာဖြင့် နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၇ ဒသမ ၆ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်၌ ငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၇ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေ ၆ နာရီတွင် မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ် (ည)ရပ်ကွက် ၁၄၀(C) လမ်း ၆၇ x ၆၈ လမ်းကြားတွင် လှသိန်း(ခ) စိုင်းမောင်သိန်း မောင်းနှင်လာသည့် TOYOTA HARRIER ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဆပ်ပြာခွက် ၁၇၆၀ ဖြင့်ထည့်လျက် ငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၇ ဒသမ၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၇ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက် ၁၁၀ လမ်းနှင့် ၇၃ လမ်း ထောင့်တွင် သိမ်းဆည်းရမိ ဘိန်းဖြူများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများ ဖြစ်သည့် ဇော်ဝင်းထွဋ်နှင့် ရဲမင်းလှိုင်တို့နှစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အမှတ်(၃)လမ်းဆုံ၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ဘူး ၂၇၀၀၊ Spy Wine ပုလင်း ၂၂၈၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၅၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၅၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထို့ပြင် ဇန်နဝါရီ ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Marble Granite ကျောက်ပြားအထု ၇၆၃၀ ကီလိုဂရမ်၊ RE-Chargeable Insect Sprayer အခု ၂၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တူရိယာလုပ်ငန်းသုံး NexIon Set Up Solution သုံးဘူး၊ Atomic Absorption Spectro Meter ၈၂ ခု အပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၁၈၀၀၁၇)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၇၈၀၀၁၇ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီးမှ သိမ်းဆည်းရမိမှု။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၂ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၁၃၄၀၁၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရပ်စောက်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရပ်စောက် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျောက်တောခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဖြိုးမင်းက မီးဘေးအန္တရာယ် အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်ပုံများ၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများကိုလက်တွေ့သရုပ်ပြပြီး ကျေးရွာသူ ကျေးရွာသားများက ပူးပေါင်းပါဝင်လက်တွေ့ ဆောင်ရွက်ခဲ့ကြကာ ဌာနဆိုင်ရာ တာဝန်ရှိသူများက မီးဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာဆောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



၂၂

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ခေါရုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** ဟံသာဝတီခေတ်ဘုရင်များတည်ထားတာတိုင်ဘုရားများ (အပိုင်း-၁)
- **၀၉:၁၅** ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်ဧ၏ဇာတ်လမ်း' (အပိုင်း-၁၆)
- **၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၀:၂၅** (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် 'တောင်ဇလပ်တေးကဗျာ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၃:၀၀** အသိပညာနှင့်အမှန်တရား
- **၁၃:၁၀** MRTV National News
- **၁၃:၃၅** ဆေးရောင်စုံရုပ်ရှင် 'ကက်ကင်း' (ကျော်ရဲအောင်၊ ဒွေး၊ ရန်အောင်၊ နန္ဒာလှိုင်)
- **၁၆:၄၀** Sports Diary
- **၁၇:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- **၁၇:၄၀** Economic Review
- **၁၈:၃၀** ဘယ်သူမှန်လဲ အပြိုင်ကြ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ကြွေလည်းဝေမြဲတမ်းတဆဲ 'ထိပ်တန်းတေးဖြူတဆိုတရင်းဝင်အနုပညာရှင်' (အပိုင်း-၁) (တွံတေးသိန်းတန်)
- **၂၁:၁၅** မြန်မာဗီဒီယိုဇာတ်လမ်း 'စိုးတဝါးမုံရိပ်' (ဇေရဲထက်၊ အိချောပို)

**mitv**

- **07:01** Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- **07:11** Myanmar Delicate Artistic Creations - Gem Stone Painting
- **07:30** Sri Ksetra, Field of Fortune & Glory (Part-1)
- **07:50** Scented Buddha Images
- **08:01** News
- **08:43** Water Hyacinth and Rattan Products
- **09:02** The Stories Of The Great Souls (Mar Mar Aye)
- **09:40** Today Myanmar: Taking Men Out Of Dark To Light
- **09:53** Gardener: Rose Plantation
- **10:01** News
- **10:28** Dhammayangyi Temple
- **10:43** Perspectives: Condos & Property Management
- **11:02** Tastes of Home Land: Steamed Lobster

**MRTV NRC**

- **ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)** ရိအုန်းတောင်သူရို့ဇာတ်ဘဝ
- **ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)** ရှမ်းဘာသာစကားပြောကြရအောင်နော်(သစ်သီးဝလံ)
- **ဝ (၁၀:၀၀ မှ ၁၂:၀၀)** မုန့်လုံးဖြူလုပ်နည်း
- **ကချင် (၁၂:၀၀ မှ ၁၄:၀၀)** စီးပွားဖြစ်တဲ့ငှက်ပျောခင်း
- **ကယား (၁၄:၀၀ မှ ၁၆:၀၀)** ခံတွင်းမြိန်စေမဲ့ ကယားရိုးရာအစားအစာ (အမဲသားထောင်းနဲ့ပဲပုပ္ပစွန်ရှေပရုံချက်)
- **ပကေကကရင် (၁၆:၀၀ မှ ၁၇:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၀)
- **အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)** ကရင်ရိုးရာစောင်းတူရိယာ
- **အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၆)
- **ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)** တောင်ဇလပ်တေးကဗျာ (တေးဂီတဖျော်ဖြေပွဲ)
- **ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)** တောင်ဇလပ်တေးကဗျာ (တေးဂီတဖျော်ဖြေပွဲ)
- **မွန် (၂၁:၀၀ မှ ၂၃:၀၀)** ကျန်းမာရေးအတွက် ငှက်သိုက်ပေါင်းရည်

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၁:၄၅** Next Level
- **၁၂:၁၅** စူးစမ်းရှာဖွေရေးပေါင်းအဖွေ
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၉:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၄၅** News Desk

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပြည်သူ့ဝန်ထမ်း'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- **၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၁၆)

**MRTV FARMERS' Channel**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၀** အနာဂတ်၏ဖွံ့ဖြိုးမြန်မာ စိုက်မွေးပညာ သင်ယူပါ လူငယ်ဘဝတစ်သက်တာ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၀၀** အချေအတင် (ဇာတ်လမ်း)
- **၁၉:၃၀** ရာသီပေါ်အသီးအနှံများ
- **၂၂:၀၀** ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့ (ဇာတ်လမ်း)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၀** Weekly Sports Info
- **၁၆:၃၀** MNL 2022 Match(Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁၈:၄၅** Weekend News

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ . . .

**နေ့စဉ်နှင့်အမျှ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည့် မျက်မှောက်ခေတ်ကမ္ဘာတွင် ရှင်သန်ရပ်တည်နိုင်ရန်နှင့် မိမိတစ်ဦးချင်းစီ၊ အစုအဖွဲ့နှင့် နိုင်ငံအတွက် အကျိုးစီးပွားများကို မြှင့်တင်နိုင်ရန်တို့အတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း (Capacity Building) သည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။**

လင်းဉာဏ် (MISIS)

ရာစုနှစ်တစ်ခုအတွင်း ကြုံတောင့်ကြုံခဲဖြစ်သော ဖြစ်စဉ်များသည် ကမ္ဘာတစ်ဝန်း ပေါ်ပေါက်နေသည်။ အင်အားကြီးနိုင်ငံကြီးများအကြား အကျိုးအမြတ်အတွက် အကြီးအကျယ် ပြိုင်ဆိုင်မှုများ၊ ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ၊ ရှားပါးကပ်ရောဂါဆိုးကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ အန္တရာယ်များ၏ ခြိမ်းခြောက်မှုများသည် လူသားမျိုးနွယ်စုတစ်ရပ်လုံး၏ အနာဂတ်အပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်မည်ဖြစ်သည်။

**စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်**

ဤစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပြည်သူတစ်ဦးချင်းစီ၏ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတို့ကို မြှင့်တင်ပေးရန် လိုအပ်သည်။ ထို့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေးအပိုင်းတို့တွင် စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်ရန် လိုအပ်လှပေသည်။

စွမ်းဆောင်ရည်တည်ဆောက်ခြင်းအတွက် မရှိမဖြစ်အရေးကြီးသည့် အချက်သည် အပေါ်ယံပြောင်းလဲခြင်းထက် အတွင်းသဏ္ဌာန် ပြောင်းလဲခြင်းဖြစ်သော စိတ်ထားနှင့် ခံယူချက်များ ပြောင်းလဲရေးပင်ဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်များဖြစ်ကြသော ကျောင်းသားအရွယ် လူငယ်များမှစ၍ စွမ်းဆောင်ရည်တည်ဆောက်ခြင်းဖြင့် အရည်




မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် မဲခေါင်ဒေသ လေ့လာရေးဆိုင်ရာ ကမ္ဘာ့စင်တာတို့ ပူးပေါင်း၍ မြန်မာလူငယ်များအတွက် စွမ်းရည်တည်ဆောက်မှုသင်တန်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး၌ ကျင်းပရာ သင်တန်းသို့ တက်ရောက်သူများအား တွေ့ရစဉ်။

> **“မဲခေါင်ဒေသလေ့လာရေးဆိုင်ရာကမ္ဘာ့စင်တာ (GCMS) ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်ခဲ့သည်။ မဲခေါင်-လန်ချန်းဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအောက်တွင် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပူးတွဲသုတေသနလုပ်ငန်းများနှင့် မူဝါဒဆိုင်ရာဆွေးနွေးပွဲများ ဆောင်ရွက်ရန်အတွက် မဲခေါင်ဒေသလေ့လာရေးဆိုင်ရာ ကမ္ဘာ့စင်တာများကို အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံတွင် တည်ထောင်ခဲ့ပြီးဖြစ်သည်။ GCMS သည် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ တရုတ်နိုင်ငံမှ အဆိုပြုခဲ့သော အဆိုပြုချက် ၁၃ ခုအနက် တစ်ခုအပါအဝင်ဖြစ်”**

အသွေးပြည့်ဝသော လူငယ်များဖြစ်လာမည်ဖြစ်သည်။ ယနေ့ခေတ်သည် နိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုခြင်းအပေါ် မှီတည်နေရခြင်းဖြစ်ရာ မြန်မာလူငယ်များအနေဖြင့် အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝ ဖြစ်ပေါ်တိုးတက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် လေ့လာသင့်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို လိုက်နာ၍ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ထိန်းသိမ်းလျက်ရှိသည်။ လူငယ်များ စွမ်းဆောင်ရည်တည်ဆောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် မဲခေါင်ဒေသ လေ့လာရေးဆိုင်ရာ ကမ္ဘာ့စင်တာ (Global Center for Mekong Studies–GCMS) ၏ China Institute of International Studies (CIIS) တို့ ပူးပေါင်း၍ မြန်မာလူငယ်များအတွက် စွမ်းရည်တည်ဆောက်မှုသင်တန်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရန်ကုန်မြို့ရှိမြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

ဖော်ပြပါသင်တန်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာန၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့မှ နိုင်ငံတကာ လေ့လာရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီးသူများ၊ ဂုဏ်ထူးတန်း တက်ရောက်နေကြသူများ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး ကမ္ဘာ့လုံခြုံရေးဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Global Security Initiative–GSI)၊ ကမ္ဘာ့ယဉ်ကျေးမှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Global Civilization Initiative–GCI)၊ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Global Development Initiative–GDI)၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူငါးရပ် (Five Principle of Peaceful Co–existence)၊ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Cooperation–MLC) တို့နှင့် စပ်လျဉ်း၍ လေ့လာဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် သက်ဆိုင်ရာဘာသာရပ်များ၏ မျက်မှောက်ခေတ်နှင့် ဆီလျော်မှု၊ မဲခေါင်ဒေသအတွင်း လူ့အသိုက်အဝန်းများ၏ သဟဇာတဖြစ်မှု၊ မဲခေါင်ဒေသအတွင်း အာဆီယံနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံရေးမူဝါဒတွင် ထည့်သွင်းစဉ်းစားရမည့်စိန်ခေါ်မှုများ စသည်တို့ကို သုတေသီများနှင့် ကျောင်းသားကျောင်းသူများက ဆွေးနွေးတင်ပြခဲ့ပါသည်။

**မဲခေါင်ဒေသ လေ့လာရေးဆိုင်ရာ ကမ္ဘာ့စင်တာများ တည်ထောင်**

မဲခေါင်ဒေသလေ့လာရေးဆိုင်ရာကမ္ဘာ့စင်တာ (GCMS) ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပထမဆုံး ဖွင့်လှစ်ခဲ့သည်။ မဲခေါင်–လန်ချန်းဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအောက်တွင် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပူးတွဲသုတေသနလုပ်ငန်းများနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ ဆောင်ရွက်ရန်အတွက် မဲခေါင်ဒေသ လေ့လာရေးဆိုင်ရာ ကမ္ဘာ့စင်တာများကို အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံတွင် တည်ထောင်ခဲ့ပြီးဖြစ်သည်။

GCMS တွင် think–tank အဖွဲ့အစည်းများဖြစ်သော တရုတ်နိုင်ငံ၏ China Institute for International Studies (CIIS)၊ ကမ္ဘောဒီးယားနိုင်ငံ၏ Cambodian Institute for Cooperation and Peace (CICP)၊ ဗီယက်နမ်နိုင်ငံ၏ Diplomatic Academy of Vietnam (DAV)၊ လာအိုနိုင်ငံ၏ Laos Institute of Foreign Affairs (IFA)၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး (Myanmar Institute of Strategic and International Studies–MISIS) နှင့် ထိုင်းနိုင်ငံ၏ Devawongse Varopakarn Institute of Foreign Affairs (DVIFA) တို့ပါဝင်သည်။

GCMS သည် ဒုတိယအကြိမ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ တရုတ်နိုင်ငံမှ အဆိုပြုခဲ့သော အဆိုပြုချက် ၁၃ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ GCMS ၏ ပထမဆုံး အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် မတ်လတွင် ပေကျင်းမြို့၌ ကျင်းပခဲ့ပြီး GCMS မြန်မာစင်တာ အပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ယနေ့ကမ္ဘာကြီးနှင့် ဒေသတွင်းဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများ၊ ဖွံ့ဖြိုးရေးတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ စသည့်ဘာသာရပ်များကို အများပြည်သူများသို့ မျှဝေနိုင်ရန် တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုကျင်းပပြုလုပ်နိုင်ခဲ့သည့် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းသည် အနာဂတ်မျိုးဆက်သစ်များကို အတွေ့အကြုံများ တိုးတက်ရရှိလာစေရန် အားထုတ်မှုတစ်ရပ်ဖြစ်သည်။ ။

> **“မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ယနေ့ကမ္ဘာကြီးနှင့် ဒေသတွင်းဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများ၊ ဖွံ့ဖြိုးရေးတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ စသည့်ဘာသာရပ်များကို အများပြည်သူများသို့ မျှဝေနိုင်ရန် တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်”**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများအား ကန့်ကွက်ရှုတ်ချပွဲကျင်းပ

ဘားအံ ဇန်နဝါရီ ၁၃

ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများအား ကန့်ကွက်ရှုတ်ချပွဲကို ဘားအံမြို့ အမှတ်(၁)ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပသည်။

**ဆန္ဒဖော်ထုတ်**

အဆိုပါကန့်ကွက်ရှုတ်ချပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မျိုးချစ်ပြည်သူများက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ စုရပ်ပြု၍ မဲဘောင်ဘုန်းကြီးကျောင်းမှတစ်ဆင့် အမှတ်(၁)ကျောင်း ကားလမ်းမ အတိုင်း စီတန်းလှည့်လည်၍ "ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် မိစ္ဆာများအား ဆန့်ကျင်ကြ၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား ဆန့်ကျင်ကြ၊ အကြမ်းဖက် အားပေး လောက်ကောင်များအား အလိုမရှိ၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ ကျဆုံးပါစေ" စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်ကာ အဆိုပါစာသားပါဆိုင်းဘုတ်များ၊ နိုင်ငံတော်အလံများ၊ သာသနာ့အလံများ ကိုင်ဆောင်၍ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းအတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများအား ကန့်ကွက်ရှုတ်ချကြောင်း ဟောပြော၍ ကန့်ကွက်ရှုတ်ချပွဲကို ရုပ်သိမ်းခဲ့သည်။



ကန့်ကွက်ရှုတ်ချပွဲသို့ ဘားအံမြို့နယ်အတွင်းမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မျိုးချစ်ပြည်သူများ စုစုပေါင်း ၁၇၀၀ ခန့်တို့က တစ်ခဲနက် ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု စတင်အသက်ဝင်သည့်နေ့တွင် တပ်မတော်က လက်နက်ကြီး၊ တိုက်လေယာဉ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများလုပ်ဆောင်နေကြောင်း ညီနောင်သုံးဖွဲ့က တရားဝင်ကြေညာသည်ဟု ကောလာဟလသတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု စတင်အသက်ဝင်သည့်နေ့တွင် တပ်မတော်က လက်နက်ကြီးများ၊ တိုက်လေယာဉ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်နေကြောင်း မြောက်ပိုင်းမဟာမိတ် ညီနောင်သုံးဖွဲ့က ထုတ်ပြန်ကြေညာသည်ဟု သတင်းအမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများဖြစ်သည့် Khit Thit Media နှင့် DVB TV News တို့က လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

တပ်မတော်သည် ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီမှု ရရှိပြီးချိန်မှစ၍ သဘောတူညီချက်များအတိုင်း ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုမှ ရလဒ်ကောင်းများ ထွက်ပေါ်လာမှုအပေါ် မနာလိုမရှုဆိတ်ဖြင့် မဟုတ်မမှန် ကောလာဟလသတင်းများ ထုတ်လွှင့်ကာ တပ်မတော်ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဝါဒဖြန့်ချိနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**







# ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မောင်တောမြို့နယ်၊ မင်းပြားမြို့နယ်နှင့် အမ်းမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများကို တပ်မတော်က လက်နက်ကြီး၊ လေကြောင်းတို့ဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၁၁ ဦး သေဆုံးကာ ခြောက်ဦး ထိခိုက်ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မောင်တောမြို့နယ်၊ မင်းပြားမြို့နယ်နှင့် အမ်းမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများကို တပ်မတော်က လက်နက်ကြီး၊ လေကြောင်းတို့ဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၁၁ ဦး သေဆုံးကာ ခြောက်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု မဟုတ်မမှန် သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




ဖြစ်စဉ်မှာ အဆိုပါမြို့များအနီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို AA သောင်းကျန်းသူများက အဝေးမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ Drop Bomb ချ တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့ပစ်ခတ်သည့် လက်နက်ကြီးကျည်များ၊ Drop Bomb များသည် ဒေသခံပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်များ ဆုံးရှုံးထိခိုက်စေသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် တပ်မတော်အပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Daw Myo Thu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ မြို့မရပ်ကွက်နေ မျိုးသူငြိမ်းအား ည ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Naing Lin Htet (Denus)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်နေ နိုင်လင်းဦးအား ဇန်နဝါရီ ၁၂ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃



အကြမ်းဖက် သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များ ဖျက်ဆီးစော်ကားမှု ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ မြို့လယ်ကျောက်တိုင်ဘောလုံးကွင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၊ မိုင်းဖြတ်မြို့ အခြေခံပညာ မူလတန်းကျောင်း(ဝမ်မိုင်)နှင့် မိုင်းဆတ်မြို့ သဗ္ဗညုဘုရားတို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြို့မအားကစားကွင်း၊ ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းနှင့် ကော့သောင်းမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းတို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေမုဋ္ဌောဘုန်းတော်ကြီးကျောင်းဝင်းနှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရခိုင်ဘုရားကြီးဝင်း၊ နတ်မောက်မြို့ ဗိုလ်တေဇဘောလုံးကွင်း၊ မြို့သစ်မြို့ မြို့မအားကစားကွင်းနှင့် သရက်မြို့ ခရိုင်အားကစားကွင်း၌လည်းကောင်း အသီးသီး ကျင်းပကြရာ သတ်မှတ်နေရာ အသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက် လာကြသူများက "သာသနာကို ဖျက်ဆီးနေသော အကြမ်းဖက်သူပုန်များ ကျရှုံးပါစေ၊ လူသတ်အကြမ်းဖက်သူပုန်မှန်သမျှ ဆန့်ကျင်ကြ၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား စော်ကားဖျက်ဆီးသူ ဒို့ရန်သူ၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာ သောင်းကျန်းသူများ ကျရှုံးပါစေ၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ ဒို့ယဉ်ကျေးမှု ဖျက်ဆီးစော်ကားသူများအား ဆန့်ကျင်ကြ၊ အကြမ်းဖက်အားပေး လောက်ကောင်များ အလိုမရှိ၊ သာသနာဖျက် အကြမ်းဖက်သမားများ အလိုမရှိ" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည်။



အဆိုပါ ကန့်ကွက်ရှုတ်ချပွဲများသို့ သက်ဆိုင်ရာမြို့နယ်အသီးသီးမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မျိုးချစ်ပြည်သူများ တစ်ခဲနက် တက်ရောက် ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၇၀ | ၂၅၅၀ | ၂၆၄၅ | ၂၆၆၅ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၁၅ | ၂၈၃၅ | ၂၉၀၀ |
| 95 Ron | ၂၆၂၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၈၀ | ၂၆၆၀ | ၂၇၅၅ | ၂၇၇၅ | ၂၆၆၅ | ၂၆၈၀ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၅ | ၂၉၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၄၅ | ၂၆၇၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၂၀ | ၂၇၄၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၇ | ၂၄၇၈ |
| 95 Ron | ၂၅၀၄ | ၂၅၈၇ |
| HSD (500 ppm) | ၂၂၄၅ | ၂၃၁၉ |
| HSD (50 ppm) | ၂၃၀၃ | ၂၃၈၉ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ညစ်ညမ်းသော တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်မှုများနှင့်ပတ်သက်၍ သတိပေးတားမြစ်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်နေကြသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လူမှုကွန်ရက်စာမျက်နှာများအပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်းသော အပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

သက်ဆိုင်ရာအလိုက် ဖွဲ့စည်းထားသော အစည်းအရုံးများကလည်း လိုအပ်သလို ထိန်းကျောင်းတည့်မတ်ပေးနိုင်ရန် အသိပေးအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၃-၁-၂၀၂၄)



## လှည်းကူးမြို့နယ်၌ တောင်သူများအား မျိုးစေ့ချကိရိယာ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှည်းကူးမြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးမည့် တောင်သူများထံသို့ ထောက်ပံ့ပေးအပ်သည့် တိုက်ရိုက်မျိုးစေ့ချကိရိယာ ၁၀၃ လက်အား တောင်သူများထံသို့ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာအုပ်စု တလုပ်ကုန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးမည့်တောင်သူများသို့ တိုက်ရိုက်မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် တောင်သူ ဦးအောင်လွင်၏ တိုက်ရိုက်မျိုးစေ့ချကိရိယာ အသုံးပြု၍ နွေစပါးစိုက်ပျိုးထားသည့် ရက် ၂၀ သား စပါးပင်အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လယ်မြေ ငါးဧကတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာ အသုံးပြု၍ နွေစပါးစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆားတလင်းကျေးရွာအုပ်စု နဘဲပင်ကွင်းအတွင်းရှိ တောင်သူ ဦးကြည်ရွှင်၏ လယ်မြေ ငါးဧကတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာအသုံးပြု၍ နွေစပါးစိုက်ပျိုးခြင်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၃

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## နာမည်ကျော် စကျင်ရွာထွက်စကျင်ကျောက်ဆစ် ဘုရားဆင်းတုတော်ဈေးကွက် ပုံမှန်လည်ပတ်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၃



နာမည်ကျော် စကျင်ကျေးရွာထွက်စကျင်ကျောက်ဆစ် ဘုရားဆင်းတုတော်ဈေးကွက်မှာ ပုံမှန်အတိုင်းရှိနေပြီး ပုံတော်ထုဆစ်သည့် လက်မှုပညာရှင်များ အလုပ်ပြတ်လပ်မှုမရှိကြောင်း မတ္တရာမြို့နယ် စကျင်ရွာရှိ ဘုရားဆင်းတုတော်ရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။

**ပုံမှန်အတိုင်း လည်ပတ်နေ**

"ပြည်တွင်းဈေးကွက်မှာတော့ ကိုဗစ်ကပ်ရောဂါနဲ့ အခြေအနေအရပ်ရပ်တွေ ဖြစ်ခဲ့ပေမယ့် စားဝတ်နေရေးကတော့ ပုံမှန်အတိုင်း လည်ပတ်နေကြတယ်။ အလုပ်အကိုင်လေးတွေ ဘယ်သူမှ ပြတ်တယ်ဆိုတာ မရှိကြဘူး။ ဆင်းတုတော် ရောင်းဝယ်ရေးက ခုထိပုံမှန်အတိုင်းလေးပဲ ရှိတယ်။ ဒီလုပ်ငန်းလေးကတော့ ပုံမှန်အတိုင်း လည်ပတ်နေကြတယ်။ တစ်ရွာလုံးလည်းအလုပ်ပြတ်သွားတယ်မရှိဘူး"ဟု ရွှေရန်ကုန် ဘုရားဆင်းတုတော် ရောင်းဝယ်ရေးမှ တာဝန်ရှိသူက ပြောသည်။

ယခင်နှစ်များအတွင်းက စကျင်ကျောက်ဖြင့်ထုဆစ်သည့် ဘုရားဆင်းတုတော်များအား တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ဈေးကွက်ကြီးရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာမှထွက်ရှိသည့် စကျင်ကျောက် ဘုရားဆင်းတုတော်များအား မန္တလေးမြို့၊ မြဝတီမြို့စသည့်မြို့များသို့ တင်ပို့ကြောင်း သိရသည်။

လက်ရှိတွင် စကျင်ကျောက်ဖြင့်ထုဆစ်သည့် ဘုရားဆင်းတုတော်ဈေးကွက်မှာ ဉာဏ်တော်အနိမ့်အမြင့်ပေါ် မူတည်၍ အနိမ့်ဆုံး ငါးသောင်းမှစတင်ကာ အမြင့်ဆုံး သိန်း ၃၀၀ ကျော်ထိ ဈေးပေါက်ကြောင်း သိရသည်။

"ဉာဏ်တော်မြင့်ရင်မြင့်သလို ဈေးတန်လာတာ ရှိတယ်။ ဉာဏ်တော်အမြင့် ၁၀ ပေ အထိုင် တစ်ဆူဆို သိန်း ၃၀၀ လောက် ပေါက်တယ်။ ဒါကစကျင်ကျောက်နဲ့ ပတ်သက်တဲ့ ဆင်းတုတော်ဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

**သစ်တော်**

## ရောဝတီတံတား(မကွေး)ရေလမ်း ပြောင်းလဲမည်

နေပြည်တော် ဇန်နဝါရီ ၁၃

ရောဝတီတံတား(မကွေး) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၁၇)နှင့် (၁၈)အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၁၆)နှင့် (၁၇)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ တံတားဦးစီးဌာနမှ မြစ်ကြမ်းပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် တံတားရေလမ်းကြောင်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစ၍ အစုန်၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၇)နှင့် (၁၈)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး၊ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်တိုင်အကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဟုမ္မလင်းခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ ဇန်နဝါရီ ၁၃



စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ ဟုမ္မလင်းတပ်နယ်မှူး၊ ဟုမ္မလင်းခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမတွင် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စိုက်ပျိုးစွမ်းအား မြှင့်တင်ရေး ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

ယင်းနောက် ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဒေသတည်ငြိမ် အေးချမ်းရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ ဌာနဆိုင်ရာများက စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် စိုက်ပျိုးသီးနှံများအပေါ် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ခရိုင်စုပေါင်းရုံး အဆောက်အအုံသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီအရည်အသွေး ကောင်းမွန်စွာဖြင့် သက်မှတ် ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းများအပေါ် စေတနာထားကာ ဆောင်ရွက်သွားရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အား အသေးစိတ်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးကုသမှု ခံယူနေကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး အာဟာရ ဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**


## မိုင်းယောင်းမြို့ ပုပ္ပဝိဇယဆုတောင်းပြည့် စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မိုင်းယောင်း ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပုပ္ပဝိဇယဆုတောင်းပြည့်စေတီတော်မြတ်ကြီး သန့်ရှင်းသာယာလှပရေးနှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်နိုင်ရေးအတွက် ဇန်နဝါရီ ၁၃ ရက် နံနက် ၇ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောမတ်(ခ)လော်ခယ် ဦးဆောင်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်ရာတွင် ပုပ္ပဝိဇယဆုတောင်းပြည့်စေတီတော်မြတ်ကြီး ပတ်ဝန်းကျင်နှင့် စေတီတော်သို့ သွားရာလမ်းတစ်လျှောက် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များလှည်းကျင်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းတို့ကို အရာရှိတပ်ဖွဲ့ဝင်ရှစ်ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၅ ဦး စုစုပေါင်း ၂၃ ဦးတို့က ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောမတ်(ခ)လော်ခယ်နှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံး စာရင်းကိုင်(၄)ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်



ရမည်းသင်း ဇန်နဝါရီ ၁၃

ရမည်းသင်းခရိုင် (၁/၂၀၂၄) စာရင်းကိုင်(၄)သင်တန်းကို လျှပ်စစ်မန်နေဂျာရုံးခန်းမ၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်သည်။

အခမ်းအနားသို့ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်မှ အထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊ ဒုတိယအထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊ လက်ထောက်မန်နေဂျာ(ဘဏ္ဍာ)၊ ရမည်းသင်းခရိုင်မန်နေဂျာ၊ ခရိုင်အင်ဂျင်နီယာ၊ မြို့နယ်မန်နေဂျာ၊ မြို့နယ်အင်ဂျင်နီယာ၊ ပျော်ဘွယ်မြို့၊ ရန်အောင်မြို့မှ မြို့နယ်မန်နေဂျာ၊ မြို့နယ်အင်ဂျင်နီယာများနှင့် သင်တန်းသား ၆၁ ဦး တက်ရောက်ကြသည်။

**သင်ကြားပို့ချ**

မန္တလေးတိုင်း လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းရုံးချုပ်မှ အထွေထွေမန်နေဂျာ ဒေါ်ကြည်လေး(ဘဏ္ဍာ)က သင်တန်းဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်ထိ ရက်သတ္တပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**၁၄၄**

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆွေးနွေးပွဲ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade 12 (သင်ရိုးသစ်)တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



**အောင်ချက်မြင့်မားရေး**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ၂၀၂၄ ခုနှစ် မတ်လတွင်ကျင်းပမည့် Grade-12 တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဘာသာရပ်ဆိုင်ရာ မေးခွန်းပုံစံများကို ကောင်းမွန်စွာသိရှိနားလည်ပြီး တက္ကသိုလ်ဝင်စာမေးပွဲကို အဆင့်မီစွာဖြေဆိုနိုင်ကြစေရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာစေရေးကို ဦးတည်ပြီး ယခုလို ဘာသာရပ်အလိုက် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ယခုနှစ်မှ စတင်သင်ကြားရသည့် Grade-12 တက္ကသိုလ်ဝင်တန်းသင် ဆရာ ဆရာမများအတွက် များစွာ အထောက်အကူပြုမည်ဖြစ်၍ မွန်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်းဝင်ရောက်ဖြေဆိုကြမည့်ကျောင်းသား ကျောင်းသူများအတွက်လည်း အခက်အခဲမရှိ ဖြေဆိုနိုင်ကြမည်ဖြစ်၍ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက်လည်း များစွာအကျိုးရှိမည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိသော အတွေ့အကြုံကောင်း၊ အသိပညာများ၊ သင်ကြားသင်ယူမှု နည်းစနစ်များ၊ စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို မှန်ကန်စွာ လက်တွေ့ပြန်လည်အသုံးချနိုင်ပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းကို ကောင်းမွန်စွာ အကျိုးပြုနိုင်သော ဗလငါးတန်နှင့်ပြည့်စုံသော သားကောင်း၊ သမီးမွန်များ ပေါ်ထွန်းလာစေရန် ပြုစုပျိုးထောင် ကြိုးပမ်းအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။

**ဘာသာရပ်များဆွေးနွေး**

အဆိုပါ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade 12 (သင်ရိုးသစ်)တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆွေးနွေးပွဲကို မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမ ၃၅ ဦးက မွန်ပြည်နယ်အတွင်းရှိ Grade 12(သင်ရိုးသစ်)သင် ဆရာ ဆရာမ ၁၃၇၁ ဦးအား နှစ်ရက်ကြာ ဘာသာရပ်များ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကရင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၌ အခြေခံစားသောက်ကုန်များ သက်သာသောနှုန်းထားဖြင့်ရောင်းချ



**ဘားအံ ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာ၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဌာနဆိုင်ရာများပူးပေါင်း၍ ဘားအံမြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၌ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**မှာကြား**

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ်(ဘားအံ)ရှိ ဆရာ ဆရာမ၊ ဝန်ထမ်းများ၊ အဆောင်နေကျောင်းသား ကျောင်းသူများအား ဘားအံ/လှာက ဒေါင်မွေးမြူရေးဇုန်မှ ထုတ်လုပ်သော လတ်ဆတ်သည့် ကြက်ဥ၊ ဘဲဥများ၊ ကြက်၊ ဝက်၊ ဆိတ် အသား၊ ငါးများ၊ သံလွင်မြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများနှင့် ရေလယ်ကျွန်းများမှ စိုက်ပျိုးထွက်ရှိသည့် ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံများ၊ ဆန်နှင့်ဆီများကို သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျန်းမာရေးနှင့် ကိုက်ညီသည့် စားသောက်ကုန်များကို စနစ်တကျ ရောင်းချပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးသိပ္ပံ (ဘားအံ)၌ ဆန်၊ ဆီ၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက် အစရှိသော အခြေခံစားသောက်ကုန်များကို သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးသိပ္ပံ (ဘားအံ)၏ ဆယ်မျိုးဆယ်ဘောင် ဟင်းသီးဟင်းရွက် စိုက်ခင်းနှင့် ကျောင်းပတ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ကျန်ရှိသည့် ကျောင်းပတ်လမ်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံတက္ကသိုလ် ပတ္တမြားနယ်မြေ ဘားအံ ပညာ့ရိပ်သာတွင် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥအစရှိသော အခြေခံစားသောက် ကုန်များကို သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးနေမှု၊ ဘားအံပညာရေး ဒီဂရီကောလိပ် ပရဝဏ်အတွင်း အလားတူရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်းနှင့် အလားတူ ကွန်ပျူတာတက္ကသိုလ် (ဘားအံ)တွင်လည်း ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် စားဖိုဆောင်သီးနှံများကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ **စည်းကမ်းချက်များ**နှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား-၁၄ (Font Size 14 ) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1"ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများမဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသောဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူ့အကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆောင်းပါးစိစစ် ဆုရွေးချယ်ရေးဘုတ်အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်း ငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ထိုက်တန်သည့် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။


၄။ ပြိုင်ပွဲဝင်စာမူနှင့်အတူ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုလွှာ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရောင်စုံဓာတ်ပုံသုံးပုံ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၁၊ ၀၉-၂၀၁၉၃၅၇)၊ အီးမေးလ် dswwdd2022@gmail.com သို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အီးမေးလ်ဖြင့် ပေးပို့ပါက Word Document အပြင် PDF ဖတ်၍ ပေးပို့ပါရန်။)

၅။ သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံခြင်း စသည့်စာမူများကို ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရရှိသူများကို ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

ဝတ္ထုတို

## ■ ပိုင်ဆု(ပညာရေး)




(၁)

ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲသို့ ခေါက်ဆွဲပြုတ်တစ်ထုပ်ကို ဖောက်ထည့်လိုက်သည်။ အသင့်ပါသော အရသာမှုန့်တွေကိုထည့်ပြီးသည်နှင့် ပန်းကန်ထဲ ထည့်လိုက်သည်။ ထို့နောက် စားပွဲပေါ်သို့ တင်လိုက်သည်။ စားပွဲပေါ်တွင် အသင့်ခူးထားသော ထမင်းနှစ်ပန်းကန်က အဆင်သင့်။

"သားနဲ့ သမီးရေ ထမင်းစားရအောင်"

အိမ်ရှေ့တွင် စာကျက်နေသော ဆယ်နှစ်အရွယ် သမီးအိဖြူနှင့် ခုနစ်နှစ်အရွယ် သားလေး ဖိုးသားတို့သည် ထမင်းစားပွဲအနီးသို့ အပြေးရောက်လာကြသည်။

"ဒီနေ့တော့ ခေါက်ဆွဲပြုတ်နဲ့ပဲ စားလိုက်ကြတော့နော်၊ အမေနောက်နေ့မှ ဟင်းကောင်းချက်ကျွေးမယ်"

"ရပါတယ် အမေရဲ့၊ ဒါနဲ့ အမေရော စားလေ"

"အမေက စားပြီးပါပြီ သမီးရဲ့"

သမီးကြီးအိဖြူအား ညာလိုက်သည်။ မိသားစုအခြေအနေကို နားလည်စပြုနေပြီဖြစ်သည့် သမီးကြီးက သိပ်ယုံချင်ပုံမရပေ။ သူမလည်း မသိယောင်ဆောင်ပြီး နေလိုက်တော့သည်။

"အမေ သမီးတို့ပဲစားနေတော့ အဖေ့အတွက်ရော ရှိသေးရဲ့လားဟင်"

"ရှိပါတယ် သမီးရဲ့၊ ကြောင်အိမ်ထဲမှာ သမီးအဖေအတွက် ဖယ်ထားတယ်။ စိတ်မပူနဲ့ ဖြည်းဖြည်းစားနော်"

ယောကျ်ားဖြစ်သူ ကိုအောင်ထွန်းအတွက် အလုပ်ကပြန်လာရင်စားဖို့ အဆင်သင့် ဖယ်ထားရသေးသည်။ ဟင်းကတော့ ထွေထွေထူးထူးမဟုတ်။ ကြက်ဥတစ်လုံးကို ထမင်းအိုးတည်စဥ်က ထည့်ပြုတ်ထားပြီး ကြက်သွန်ဥတစ်လုံးကို အသင့်ပါးပါးလှီးထားသည်။ ကိုအောင်ထွန်းပြန်လာလျှင် ဆီအနည်းငယ်ထည့်ပြီး သုပ်ပေးလိုက်မည်ဖြစ်သည်။

သူကတော့ ထမင်းအိုးငှဲ့စဥ်က ထမင်းရည်များကို ပန်းကန်ထဲထည့်ထားပြီး ဆားအနည်းငယ်ဖြူးကာ သောက်ထားပြီးဖြစ်သည်။ လမကုန်သေးမီကာလစပ်ကြား အဆင်မပြေသည့်ရက်များတွင် သူ့အနေဖြင့် ထိုသို့ဖြေရှင်းနေကျမို့ မထူးဆန်းတော့ပေ။ အလုပ်လုပ်နေရသော ယောကျ်ားနှင့် ကလေး နှစ်ယောက်အတွက်ကိုသာ အဓိကထားပြီး စဥ်းစားပေးနေရသည်။ အိမ်ရှင်မတစ်ယောက်၏ မိသားစုအပေါ်ထားသော အဖြူရောင်စေတနာသက်သက်သာလျှင် ဖြစ်သည်ဟု သူခံယူထားသည်။

(၂)

"နွယ်နီ ပိန်သွားပါလား၊ နေမကောင်းဘူးလား"

ထမင်းစားနေရင်းနှင့် မေးလာသော ကိုအောင်ထွန်းစကားကို မသိချင်ယောင်ဆောင်ပြီး သောက်ရေတစ်ခွက် ခပ်ပေးလိုက်သည်။

"နွယ်နီ ကိုယ်ပြောတာကြားရဲ့လား"

"ကြားပါတယ် ကိုအောင်ထွန်းရဲ့၊ တမင်ဝိတ်ချနေတာလေ၊ ဝတော့မလှဘူး။ ကျွန်မအဝလွန်သွားရင် ရှင်ကပစ်သွားမှာပေါ့ မဟုတ်ဘူးလား"

ရယ်သွမ်းသွေးရင်း သူပြောလိုက်သည်။ ကိုအောင်ထွန်းကတော့ သူ့စကားကို ပြုံးယောင်ပင်မပြပါ။ ကိုအောင်ထွန်း မယုံမှန်း သူသိပါသည်။ ကိုအောင်ထွန်း ပြောချင်နေသော စကားလုံးများစွာကိုလည်း သူ၏မျက်လုံးတွင် အထင်းသားမြင်တွေ့နေရသည်။ မိသားစုစားဝတ်နေရေး၊ အိမ်လခ၊ ကလေးကျောင်းစရိတ်အတွက် ကိုအောင်ထွန်း၏ စက်ရုံလခစားအလုပ်သည် အပြည့်အဝမပံ့ပိုးနိုင်ခဲ့ပေ။ ထို့ကြောင့်ပင် သူသည် ရပ်ကွက်ထဲတွင် အဝတ်လျှော်၊ မီးပူတိုက်ခြင်းဖြင့် နိုင်ရာဝန်ထမ်းခဲ့သည်။

"ထမင်းရောစားရဲ့လား နွယ်နီ၊ ကိုယ့်ကို မညာနဲ့နော် မနက်က အိမ်မှာ ဆန်သိပ်မကျန်တော့တာ ကိုယ်သိတယ်"

"စားပါတယ် ကိုအောင်ထွန်းရဲ့၊ ကိုအောင်ထွန်းပြောတာတော့ ဟုတ်ပါတယ် မနက်ချက်ဖို့အတွက်"

"ကဲ..ရော့..."

သူ့စကား မဆုံးခင်မှာပင် ကိုအောင်ထွန်းသည် သူ့လက်ထဲသို့ ၅၀၀၀ တန်တစ်ရွက် ထည့်ပေးလာသည်။ ဝမ်းသာအားရဖြင့် ယူလိုက်ပေမယ့် လစာကြိုထုတ်လာသည်မှန်း သိနေတော့ အားနာမိပြန်သည်။

"ကဲ..စိတ်မကောင်းမဖြစ်နဲ့ လစာကြိုထုတ်လာတာ မဟုတ်ဘူး။ ဒီနေ့ မန်နေဂျာက ဂိုဒေါင်သန့်ရှင်းရေးကူလုပ်ပေးလို့ဆိုပြီး မုန့်ဖိုးပေးလိုက်တာ"

ထိုစကားကြားမှ သူလည်း ပြုံးမိတော့သည်။ သမီးကြီးကတော့ အိမ်ရှေ့တွင် မောင်ဖြစ်သူကို ပုံပြင်ဖတ်ပြနေသည်။

"နွယ်နီ မိသားစုအတွက်ဆိုပြီး မငဲ့ပါနဲ့ကွာ၊ မိသားစုမှာအားလုံးက ညီနေမှဖြစ်မှာလေ။ ကိုယ်တို့မိသားစု လေးယောက်မှာ ထောင့်လေးထောင့်လုံးညီနေမှ အဆင်ပြေမှာ။ ထောင့်တစ်ထောင့်ကျိုးသွားတာနဲ့ ကျန်တဲ့သုံးထောင့်လည်း ရပ်တည်နိုင်မှာမဟုတ်တော့ဘူးလေ။ အေးအတူပူအမျှပေါ့၊ ရှိတာနဲ့မျှဝေပြီး ရှင်သန်သွားကြမယ်"

ကိုအောင်ထွန်း စကားကြောင့် သူစိတ်မကောင်းဖြစ်ခဲ့ရသည်။ မိသားစုအပေါ်ထားသည့် စေတနာတွေသည် တစ်ချိန်ချိန်တော့ အကျိုးပေးလာလိမ့်မည်ဆိုသည်ကို သူသိထားပါသည်။ သို့ပေမယ့်လည်း သူသည် အိမ်လခအတွက် စုရ၊ စားစရိတ်၊ ကလေးတွေ ကျောင်းစရိတ်စသည့် ခေါင်းစဥ်များကြောင့် မိမိတစ်ကိုယ်စာ ခြိုးခြံချွေတာပြီး မိသားစုအတွက် အဓိကဖြည့်ဆည်းပေးနေရခြင်းဖြစ်သည်။

(၃)

"ကဲ.. သားနဲ့ သမီး ရော့မုန့်ဖိုး၊ ဒါနဲ့ မင်းတို့အမေရော"

"အမေ မနက်ကတည်းက ဈေးထွက်သွားတယ်အဖေ..သမီးတို့ ကျောင်းသွားတော့မယ်နော်"

"ဩော်..အေ..အေး အဖေလည်း အလုပ်သွားတော့မှာ သားနဲ့ သမီးကို အဖေတစ်ခါတည်း ကျောင်းလိုက်ပို့ပေးမယ် ခဏလေးနေဦးနော်"

ကိုအောင်ထွန်းသည် စာတစ်စောင်ကို ရေးလိုက်ပြီး အိမ်ရှေ့ခုံပေါ်တွင် တင်ခဲ့သည်။ ထို့နောက် သားနှင့် သမီးကို ကျောင်းပို့ရင်း အလုပ်သွားရန် တစ်ခါတည်း ထွက်ခဲ့တော့သည်။

(၄)

"နွယ်နီ ဒီနေ့ညနေ မိသားစုစုံညီ ထမင်းစားချင်တယ်။ ကိုယ်ပြန်လာတဲ့အထိ စောင့်ပေးနေနော်"

သူ စာကိုဖတ်ရင်းပြုံးမိသည်။ သူလည်း ဒီနေ့တွင် မိသားစုစုံညီ ထမင်းစားလိုသည့်ဆန္ဒရှိသည့်အတွက် ဈေးသွားပြီးတတ်နိုင်သလောက် ဝယ်ခြမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် သူလုပ်မည့်ကိစ္စတစ်ခုအတွက်တော့ကိုအောင်ထွန်း နားလည်ပါ့မလားဟု စိုးရိမ်မိခြင်းဖြစ်သည်။ သူအမြတ်တနိုးတန်ဖိုးထားသော ဆံပင်၊ ကိုအောင်ထွန်း နှစ်သက်သော ဆံပင်ရှည်ကြီးကို သူတို့၏ မင်္ဂလာသက်တမ်း တစ်ဆယ့်နှစ်နှစ်ပြည့်သောယနေ့တွင် မိသားစုအတွက်ဆိုသည့် အကြောင်းပြချက်ဖြင့် ဖြတ်ရောင်းရန် စီစဥ်ခဲ့ခြင်းဖြစ်သည်။ ရင်ထဲမကောင်းပေမယ့် မိသားစုအတွက်ဆိုသည့် အတွေးဖြင့် လန်းဆန်းတက်ကြွနေခဲ့သည်။ ထို့ကြောင့်ပင် ဘေးအိမ်မှ မသီတာကို အဖော်ခေါ်ရင်း ဈေးထဲရှိ ဆံပင်ရောင်းမည့်ဆိုင်သို့ ထွက်ခဲ့တော့သည်။ မသီတာသည် လိုက်သာလိုက်လာသည်။ မျက်နှာတော့ မကောင်းပေ။

ဆံပင်ရောင်းမည့်ဆိုင်သို့ အရောက်တွင်ပင် ဆိုင်ရှေ့၌ ကိုအောင်ထွန်းကို အံ့အားသင့်စွာမြင်တွေ့ခဲ့ရသည်။

"ဟင်..ကိုအောင်ထွန်း"

ကိုအောင်ထွန်းသည် ဘာမှမပြောဘဲ သူ၏လက်ကိုဆွဲကာ အတင်းခေါ်သွားတော့သည်။ ဒေါသတကြီးဖြင့် ချွေးစေးများပါပြန်နေသော ကိုအောင်ထွန်းကို သူ ဘာမှမမေးရဲပါ။ အိမ်ပေါ်သို့ရောက်မှပင် သူလည်း သက်ပြင်းချနိုင်တော့သည်။

"နွယ်နီ မင်းကွာ လုပ်ရက်တယ်။ တော်သေးတာပေ့ါ ဖော်ကြီးဆီက အချိန်မီ သိလိုက်ရလို့"

ဖော်ကြီးသည် မသီတာ၏ ယောကျ်ားဖြစ်သည်။ မသီတာလှမ်းပြောလိုက်ခြင်းသာဖြစ်လိမ့်မည်။ သူလည်း ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်ရသည်။

"ပြောထားရက်နဲ့ကွာ တစ်ယောက်တည်း မဖြေရှင်းပါနဲ့လို့။ မင်းအခုလိုဖြေရှင်းတော့ ငါကရော ဘယ်ကောင်းတော့မလဲ။ ဘယ်လိုယောကျ်ားမျိုးဖြစ်သွားမလဲ။ မင်းရဲ့စေတနာကို ငါနားလည်တယ်။ ဒါပေမဲ့ မင်းအဲလိုလုပ်တော့ ကျန်တဲ့သူတွေက ပျော်နိုင်မယ်ထင်လို့လား။ အေး ထောင့်လေးတစ်ထောင့်ကျိုးပြီဆိုတာနဲ့ ကျန်တဲ့ထောင့်တွေလည်း အလိုလိုကျိုးတော့မှာ မင်းသိလား"

ကိုအောင်ထွန်း စကားတွေသည် မှန်ပါသည်။ စေတနာလွန်ကဲပြီး မည်သူနှင့်မှမတိုင်ပင်ဘဲ လုပ်ခဲ့သော ကိစ္စတစ်ခုကြောင့် အမှားဖြစ်ခဲ့ရမှန်း နားလည်လာမိသည်။ သို့ပေမယ့် ထိုအမှားများသည် မှန်ကန်သည့်အမှားဆိုတာတော့ သူသိပါသည်။ တွင်တွင်စီးကျလာသော မျက်ရည်စများနှင့်အတူ ကိုအောင်ထွန်း၏ ရင်ခွင်ထဲသို့ ပြေးဝင်ဖက်လိုက်တော့သည်။

"တောင်းပန်ပါတယ် ကိုအောင်ထွန်းရယ်"

"မိသားစုဆိုတာ အေးအတူပူအမျှ မျှဝေခံစားနိုင်မှမိသားစုဆိုတဲ့အဓိပ္ပာယ်ရှိမှာလေ။ နွယ်နီ မိသားစုအတွက်ကိုယ် ဒီထက်ပိုကြိုးစားမှာပါ။ အလုပ်မှာလည်း သူဌေးက ကိုယ့်ကို ဒီလကစပြီး လစာတိုးပေးမယ်တဲ့။ နွယ်နီ ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်း မဖြေရှင်းနဲ့နော်။ အေးအတူပူအမျှ အကောင်းဆုံးရှေ့ဆက်သွားကြမယ် ဟုတ်ပြီလား"

သူအားရပါးရခေါင်းညိတ်လိုက်သည်။ အေးအတူပူအမျှ အတူရင်ဆိုင်သွားရန်လည်း ဆုံးဖြတ်လိုက်သည်။ မိသားစုဆိုတဲ့ ထောင့်လေးတွေ ညီမှဖြစ်မယ်ဆိုတာလည်းသဘောပေါက်နားလည်လာမိသည်။ သူ၏မျက်ဝန်းအိမ်မှ မျက်ရည်များစီးကျနေပေမယ့် ထိုမျက်ရည်များသည် ပီတိမျက်ရည်များသာ ဖြစ်ပါလိမ့်မည်။ ။

## အကျိုးရှိစေ အချိန်တွေ

| | |
|---|---|
| တရွေ့ရွေ့ ခရီးနှင် | သိကြလူတိုင်း။ |
| ထာဝစဥ် မရပ်နား။ | အချိန်သည် ရပ်မသွား |
| သက္ကရာဇ်တွေ ကူးပြောင်းလို့ | တားဆီးလို့ မရပါ။ |
| နှစ်ဟောင်းကျော်လွှား။ | တစ်နေ့ဝင် တစ်မိုးသောက် |
| အချိန်ကို အလကား | ရောက်ရှိခဲ့တာ။ |
| လူသားတို့ ရရှိနေ | ရက်လနှစ် ပြောင်းလဲကာ |
| တွေးကြည့်သင့်ပေ။ | နာရီသံ ချက်ချက်ပြေး။ |
| အချိန်နှင့် ဒီရေသည် | အချိန်ကို မဖြုန်းပါနှင့် |
| လူကိုလေ မစောင့်ဆိုင်း။ | သုံးကြစို့လေး။ ။ |
| ကုန်လွန်ကာ ပြန်မရ | |

မောင်လူစိုး

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေး အချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ပန်းတိုင်သာသို့

❂ အတတ်ပညာ စိတ်ဝင်စား
လုပ်ဆောင်သွား နေထိုင်ပါ၊
ဘဝ,ဝယ် အပျင်းမဖက်
ထက်မြက်လို့လာ၊
ကြိုးစားခြင်း ဇွဲသုံးကာ
ပန်းတိုင်သာ ဖြောင့်တန်းရေး၊
လောကဓံ အခက်ခဲကို
ဆင်နွဲပေါ့လေး။

❂ လူဆိုတာ ရှင်သန်ရေး
စိတ်ကောင်းမွေး တိုးတက်သည်၊
အရှုံးအနိုင် ဘဝလမ်း
ဖြတ်သန်းရမည်၊
အောင်မြင်စိတ် ထက်သန်တည်
မနက်ဖြန်ဆီ တည့်မတ်သွား၊
တန်ဖိုးဝင် လူကောင်းဖြစ်ဖို့
ဆန်းစစ်စေသား။

❂ ရိုးသားပါ စေတနာထား
လုပ်ငန်းများ စီစဉ်လေ၊
ပြီးစီးအောင် စနစ်တကျ
စိတ်ဓာတ်လှစေ၊
အလွယ်လုပ် အတွေးတွေ
ကင်းစင်မသွေ စည်းကမ်းသုံး၊
ဘဝမှာ ပီတိအစစ်ကို
ထုဆစ်ခြယ်မှုန်း။ ။

ရွှေမြိုင်သူ(မြန်မာစာ)

## စည်းလုံးမှု

❖ တွေ့ကြုံလာ အခက်ခဲတို့
လက်တွဲလို့ ရင်ဆိုင်မှာ။
ပြဿနာများ အတူဖြေရှင်း
စိတ်ချင်းယှက်ကာ။
ဘေးအန္တရာယ်များစွာ
လာပါစေ မမှုဘဲ။
တို့မိသားစု တွဲလက်မဖြုတ်
တိုက်ထုတ်မှာပဲ။

❖ တို့မိသားစု ညီညွတ်မြဲ
သွေးခွဲလို့ မရစေ။
တစ်ပါးသူ သွေးထိုးစကား
နားမယောင်ပေ။
မကွဲကွာ အတူနေ
ထင်းစည်းကိုလေ ပမာထား။
ချိုးမရအောင် တို့စုပေါင်းနေ
ထင်းချောင်းတွေများ။

❖ လေးစားမှုနဲ့ ဂါရဝထား
မိသားစုကြား ချစ်ချစ်ခင်။
အေးမြတဲ့ မေတ္တာရိပ်ကြောင့်
စိတ်လက်ကြည်လင်။
ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်
ကြင်ကြင်နာနာ နေထိုင်ကြ။
တို့မိသားစု ရိပ်မြုံနန်းရယ်
ချမ်းမြေ့လှပ။ ။

ထက်သခင်(သုံးဆယ်)

ဆောင်းပါး

# ကလေးများ အလေးထား၍ ပျိုးထောင်ပါ

■ ခင်မောင်မြင့်

ကလေးများသည် နောင်တစ်ခေတ်၊ နောင်တစ်ချိန်တွင် လောကအကျိုး၊ လူ့အကျိုးကို သယ်ပိုးထမ်းရွက်ရမည့် အနာဂတ်၏ လင်းလက်ကြယ်စင်လေးများပင် ဖြစ်သည်။ အနာဂတ်၏ လင်းလက်ကြယ်စင်လေးများအနေဖြင့် ငယ်ရွယ်စဉ်ကပင် ဘဝကိုပျော်ရွှင်စွာဖြတ်သန်းပြီး စိတ်ဒဏ်ရာမရရှိစေရန်မှာ အလွန်ပင်အရေးကြီးသော အကြောင်းခြင်းရာဖြစ်ပါသည်။ ကလေးများကို ပြုစုပျိုးထောင်ခြင်းသည် လွယ်ကူသည့်အရာမဟုတ်ပေ။ "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ" ဟူသောဆိုရိုးအတိုင်း မိဘများ၏ သွန်သင်ပျိုးထောင်ပေးမှုသည် အလွန်ပင်အရေးပါသည်။ ထို့နောက် ညီအစ်ကိုမောင်နှမများ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများ၏ စကားပြောဆိုပုံ၊ အမူအကျင့်များနှင့်လည်း အချိုးကျသက်ဆိုင်နေသေးသည်။

ကလေးများ၏ မိဘ၊ ညီအစ်ကိုမောင်နှမ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ်မူတည်၍ ကလေး၏စိတ်သည်လည်း တစ်မျိုးတစ်မည် ပြောင်းလဲသွားတတ်ကြသည်။ ပတ်ဝန်းကျင်ကောင်းတွင်နေရသော ကလေးများအဖို့ သာယာပျော်ရွှင်ဖွယ်ဘဝ၊ သာယာပျော်ရွှင်ဖွယ် အမူအကျင့်များကို လိုက်ပါလုပ်ဆောင်၍ လိမ္မာယဉ်ကျေးတတ်ကြသည်။

မကောင်းသောပတ်ဝန်းကျင်၌ နေရသော ကလေးသူငယ်များအဖို့ အလွန်ပင်ဝမ်းနည်းစရာကောင်းလှသည်။ ရန့်ရင်းကြမ်းတမ်းသော အပြောအဆို၊ အပြုအမူများကို နေ့စဉ်ကြားနေရ၊ မြင်နေရ၍ စိတ်နှလုံးမနူးညံ့၊ မပျော့ပျောင်းနိုင်တော့ပေ။ အရွယ်ရောက်လာသည့်အခါ ၎င်းတို့၏အပြုအမူ၊ အပြောအဆိုများကို ကြည့်ခြင်းအားဖြင့် ကလေး၏ငယ်ဘဝဖြတ်သန်းမှုကို မှန်းဆနိုင်သည်။

လူကြီးမိဘများ၊ မောင်နှမများအနေဖြင့် ကလေးများကိုချစ်ရာတွင် စောင့်ထိန်းသင့်သည့် စည်းတစ်ခုရှိသည်။ ၎င်းမှာ အချစ်လွန်ခြင်းပင်ဖြစ်သည်။ အချို့မှာ ကလေးများကိုတွေ့လျှင် အချစ်လွန်၍ ပြောင်ကြသည်၊ လှောင်ကြသည်၊ ခြောက်ကြသည်။ မိမိမှာ ကလေးကိုချစ်၍ စသော်၊ ခြောက်သော်လည်း ကလေး၏စိတ်တွင် ထိုသူကိုမြင်လျှင် ကြောက်ရွံ့စိတ်၊ ထိတ်လန့်စိတ်တို့ဖြင့် ကလေး၏ စိတ်ကျန်းမာရေးကို ထိခိုက်နိုင်တတ်သည်။ ထိုသို့မဟုတ်ပါက ငယ်စဉ်ကပင် ကြမ်းတမ်းစွာ ခြောက်ခံရဖူး၊ စခံရဖူးသော ကလေး၏စိတ်သည် နူးညံ့ပျော့ပျောင်းမှုမရှိဘဲ ခက်ထန်တတ်သည်။ ၎င်းငယ်စဉ်ကပင် ကြုံတွေ့ဖူးသော စနောက်ခြင်း၊ ခြောက်ခြင်းတို့အတိုင်း ကြီးပျင်းလာသည့်အခါတွင်လည်း အခြားသောကလေးများအပေါ်သို့ အလားတူဖြစ်စဉ်ဖြင့် ပြုမူတတ်၊ အနိုင်ကျင့်တတ်ကြသည်။ အချို့သောမိဘများ၊ လူကြီးများသည်လည်း ကလေးကိုချစ်လွန်း၍ အလိုလိုက်အကြိုက်ဆောင်ကာ ပစ်ထားတတ်ကြသည်။ အမှန်ချစ်လျှင် ပစ်မထားသင့်ပေ။ ကလေးကိုချစ်လွန်း၍ ကလေးစိတ်ကြိုက်နေထိုင်ခွင့်၊ ဆော့ကစားခွင့်ပေးသည်မှာ ကောင်းမွန်သောအလေ့အကျင့်ဟု ဆိုသော်လည်း အပြည့်အဝမမှန်ကန်ပေ။ ထိုက်သင့်သည့် အားလပ်ချိန်၊ ထိုက်သင့်သည့် ဆော့ကစားမှုမျိုးဖြင့် စနစ်တကျထိန်းကျောင်းပြုပြင်ပေးရမည်။ ကလေးငယ်များသည် ရွှံ့စေးရုပ်များနှင့် အလားသဏ္ဍာန်တူသည်။ ရွှံ့စေးဖြင့် အရုပ်ဖော်ရာတွင် ပုံဖော်သူ၏ ကျွမ်းကျင်ပိုင်နိုင်မှု၊ သပ်ရပ်မှုအပေါ်မူတည်၍ ကောင်းမွန်လှပသည့် ရွှံ့စေးရုပ်များကို ရရှိသကဲ့သို့ မိဘများသည်လည်း ကလေးများကို ငယ်ရွယ်စဉ်ကပင် မိမိတို့ကြိုက်နှစ်သက်ရာပုံစံသို့ ထုဆစ်၍ ကောင်းမွန်အောင် ပုံဖော်ကြရပေမည်။

ကလေးသူငယ်များနှင့် စပ်လျဉ်း၍ မိမိတို့ပတ်ဝန်းကျင်တွင် ငယ်ငယ်ရွယ်ရွယ်နှင့် ကျောင်းပြေး၊ ဂိမ်းဆော့၊ ဆေးလိပ်သောက်၊ ဆေးရှူ၊ ကော်ရှူ၍ အရွယ်မတိုင်ခင် အသက်ဆုံးရှုံးလိုက်ရသော လူငယ်များမှာလည်း ဒုနှင့်ဒေးရှိကြသည်။ အရွယ်မတိုင်မီ ကျောင်းထွက်ပြီး အပြင်လောကရောက်ရှိ၍ မကြာမီအချိန်အတွင်း အိမ်ထောင်ပြုကြသည့် လူငယ်များမှာလည်း အထွေအထူးပင် ပြောနေဖို့မလိုပေ။ ထိုသို့ ငယ်ငယ်ရွယ်ရွယ် လွဲမှားသောအသိ၊ မမှန်ကန်သော လုပ်ရပ်များကိုကြည့်လျှင် အစပထမဦးဆုံး အပြစ်တင်ထိုက်သူများမှာ မိဘများပင်ဖြစ်သည် ။ ကလေးဘဝတည်းကပင် ဘဝအတွက်အရေးပါသည့်အရာများ၊ မိမိဘဝကို ပျက်စီးစေမည့်အရာများကို အနုနည်းတစ်သွယ်၊ အကြမ်းနည်းတစ်မျိုးဖြင့် ဆုံးမသွန်သင်ပေးရမည်။ မိမိတို့ကလေး မဟုတ်မမှန်လုပ်နေသည့်အချိန်တွင်မှဆုံးမပြီး ဆုံးမ၍မရသည်ကို အပြစ်ဟုမမြင်ရပေ။ ငယ်စဉ်ကပင် လိမ္မာယဉ်ကျေးစေရန်၊ အသိပညာဗဟုသုတ တိုးပွားလာစေရန် ညအိပ်ရာဝင်ချိန် တစ်ရက် ၁၀ မိနစ်သာ ဘုရားဟောနိပါတ်တော်များ၊ ပညာပေးပုံပြင်၊ ဝတ္ထုများကို ဥပမာပေး၍ ပြောဆိုဆုံးမခဲ့ပါက ထိုကလေးသည် အတော်ဆုံးပုဂ္ဂိုလ် မဖြစ်နိုင်သော်လည်း ပျက်စီးသည့်ကလေးတစ်ယောက်မဖြစ်နိုင်တော့ပေ။ နုနယ်ငယ်ရွယ်စဉ်ကပင် ကောင်းမွန်စွာ ပြုစုပျိုးထောင်နိုင်ခဲ့လျှင် ကလေးငယ်၏ဘဝသည်လည်း အလွန်လှပလိမ့်မည်။ မိဘတိုင်း၊ မိဘတိုင်းသည် မိမိတို့ရင်သွေးငယ်များ၏ ဘဝသာယာလှပသည်ကိုပင် မြင်လိုကြသူများသာဖြစ်ကြသည်။ ထိုသို့မြင်လိုလျှင် နေ့ခင်းအချိန်တွင် မိမိတို့ပင်ပန်းသမျှဒဏ်၊ အနားယူလိုသည့်ဒဏ်များကို ခဏတာဖယ်ရှား၍ ညအိပ်ရာဝင်ချိန် ၁၀ မိနစ်သာဆုံးမစကား၊ လိမ္မာဖွယ်ပုံပြင်များ ပြောကြားရင်း အလေ့အကျင့်ကောင်းများကို မွေးမြူပေးကြရမည်။

အခြားတစ်ချက်မှာ မိမိတို့၏ကလေးများကို အချစ်လွန်၍ သက်ညှာပေးခြင်းကို ရှောင်ကြဉ်ရမည်။ (အတင်းအကျပ် အလုပ်ခိုင်းခြင်းကိုမဆိုလိုပါ) မိမိတို့ဘာသာမိမိ လုပ်ကိုင်ခြင်း၊ ပြဿနာတစ်ရပ်ကို မိမိတို့ကိုယ်တိုင် ဖြေရှင်းတတ်သည့် အလေ့အကျင့်များကိုလည်း ပျိုးထောင်ပေးရမည်။ မိဘများသည် အစစအရာရာ လုပ်ကိုင်မပေးဘဲ ကူညီသူအနေဖြင့်သာ ရှိရပေမည်။ ငယ်ရွယ်စဉ်ကပင် မိဘများက မခိုင်းမစေ သက်ညှာပေးခဲ့သော် ထိုကလေးအသက်အရွယ်ကြီးရင့်လာလျှင် အချောင်ခို၊ မလုပ်တတ်မကိုင်တတ်၊ လူအများနှင့်ဆက်ဆံရာတွင် အဖုအထစ်လေးများ ရှိနိုင်လိမ့်မည်။ ငယ်စဉ်ကပင် မိမိ၏တာဝန်ကို ကျေပွန်အောင် မိမိကိုယ်တိုင် ထမ်းဆောင်တတ်သည့်အလေ့အကျင့်ကောင်းများကို ပြုစုစေခဲ့ရမည်။ အခြားတစ်ပါးသူကို အားကိုးလိုသော အကျင့်ဆိုးများမရှိအောင်လည်း ပြုစုပျိုးထောင်ခဲ့ရမည်။

ကလေးသူငယ်များ ကျောင်းနေအရွယ်ရောက်လျှင်လည်း လက်ဦးဆရာများဖြစ်သော မိဘများသည် ဒုတိယမိဘများဖြစ်လာကြမည့် ဆရာ ဆရာမများနှင့်ပူးပေါင်း၍ ကလေးသူငယ်များကို အလေးထား၍ ပြုစုပျိုးထောင်ကြရမည်။ ထူးချွန်ထက်မြက်လာစေရန် ညှိနှိုင်းတိုင်ပင်ဆွေးနွေးအဖြေရှာရမည်။ အများတကာတို့ထက် ဆင်ခြင်တုံတရားနှင့် ဉာဏ်ပညာအရာတို့၌ ထိပ်ဆုံးတွင်နေရာယူနိုင်သော လူသားအရင်းအမြစ်များ မွေးထုတ်ပေးကြရမည်။ ကလေးသူငယ်များ၏ စိတ်ပညာကို နားလည်မှုနည်း၍ ပညာရေးလောဘမကြီးစေရန် သတိပြုကြရမည်။ ကလေးသူငယ်များ၏ စိတ်ခံစားချက်ကို ထည့်သွင်းစဉ်းစားပေးကြရမည်။ စာကိုချည်းသင်စေလို၍မဖြစ်ပေ။ ကလေးအရွယ်နှင့် ထိုက်သင့်သော သင်ကြားမှုများ၊ ဉာဏ်မီစေမည့်စာများကိုသာ သင်ကြားစေရမည်။ ကလေးသူငယ်များ၏ ပင်ကိုဗီဇ၊ ဝါသနာများကို မိဘများအနေဖြင့် သိရှိနားလည်ပြီး အားပေးချီးမြှောက်ရမည်။ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်သောသားကောင်း သမီးကောင်းလေးများ ဖြစ်လာစေရန် မိဘများ၏ တိုက်တွန်းလှုံ့ဆော်မှုများ၊ ထောက်ပံ့အားပေးမှုများသည် အထူးကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်သည်။ ယနေ့ခေတ်တွင် ပန်းချီ၊ ဂီတ၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ အိမ်တွင်းမှု၊ ကိုယ်ကာယကြံ့ခိုင်ရေး စသည်တို့မှ ကလေးများဝါသနာပါရာ၊ နှစ်သက်ရာပညာရပ်များကို ငယ်ရွယ်စဉ်အချိန်မှစ၍ လေ့လာလိုက်စားရန် သွန်သင်ပေးကြရမည်။ ကာယအားကစားဆော့ကစားစေခြင်းဖြင့် ခန္ဓာကိုယ်သန်မာထွားကျိုင်းလာစေရမည်။ ကလေးသူငယ်များကို ၎င်းတို့၏အရွယ်အလိုက်၊ အချိန်နှင့်တစ်ပြေးညီ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရမည်။ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်စေရမည်။ငယ်စဉ်ကလိမ္မာယဉ်ကျေးခဲ့ပြီး အနေအေးခဲ့သည့် ကလေးသူငယ်များသည်အရွယ်ရောက်လာသည့်အချိန်တွင် အပေါင်းအသင်းမက်၍ ဆေးလိပ်၊ကွမ်းယာ၊ ဘီယာ၊ အရက်ထိုမှတစ်ဆင့် ဆေး၊ ဘိန်းတို့အထိပင် သုံးစွဲတတ်ကြသည်။ မိမိတို့ကလေးများ၏အပေါင်းအသင်းကို မိဘများက လေ့လာအကဲခတ်ရမည်။ ဆင်ခြင်၍ပေါင်းသင်းစေရမည်။ အပေါင်းအသင်းမှားလျှင် တစ်ဘဝစာမှားယွင်း၍ ဘဝပျက်တတ်သည်ကို ကလေးများအား သွန်သင်ပေးရမည်။ ဥပမာများပေး၍ ဆုံးမကြရမည်။

ကလေးသူငယ်များ ဖုန်းအသုံးပြုတတ်သည့်အရွယ်တွင်လည်း ဖုန်းကို စနစ်တကျအသုံးပြုတတ်စေရန် ညွှန်ကြားကြရမည်။ ဖုန်းဟူသည် နည်းလမ်းတကျ မှန်ကန်စွာအသုံးချတတ်လျှင် အပြုသဘောဆောင်သည့် အတတ်ပညာများစွာကို လွယ်ကူစွာသင်ယူလေ့လာနိုင်ကြောင်း သိစေရမည်။ ဖုန်းများကိုအသုံးပြု၍ အက္ခရာဂိမ်းများ၊ ဂဏန်းသင်္ချာဂိမ်းများ အစရှိသဖြင့် ကလေးများပျော်ရွှင်စေရန် ဂိမ်းဆော့ခိုင်းသလိုနှင့် ပညာသင်ကြားပေးနိုင်သည်။ Facebook၊ messenger၊ viber အစရှိသဖြင့် ဆော့ဝဲလ်များကို အသုံးပြုနိုင်သည့်အရွယ်တွင်လည်း စနစ်တကျအသုံးချတတ်စေရန် ညွှန်ကြားပြသပေးရမည်။ Facebook မှ English speaking၊ ဘာသာစကားပိုင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို ရှာဖွေလေ့လာ၍ သင်ယူလေ့လာစေရမည်။ ထို့အပြင် messenger group၊ viber group များဖွဲ့၍ အွန်လိုင်းသင်တန်းများကို လေ့လာနိုင်စေရမည်။ ဖုန်းကိုစနစ်တကျအသုံးချတတ်ရန်သာမက ကလေးများ စာပေအပေါ်တွင်နှစ်သက်၍ ချစ်ခင်မြတ်နိုး စာဖတ်ရှိန် တိုးတက်လာစေရေးကိုလည်း အလေးထားကြရမည်။ စာမဖတ်နိုင်သည့်အရွယ်တွင် ရုပ်ပြများကိုပြသ၍ မိဘများက ဖတ်ပြသည်ကို ကြားစေခြင်းဖြင့် နားအကြားစွမ်းရည်၊ စာဖတ်နိုင်သည့်အရွယ်တွင် ပုံပြင်၊ ကာတွန်းများကို ဖတ်စေခြင်းဖြင့် အရွတ်၊ အဖတ်စွမ်းရည်၊ ထိုသို့ရေးသားထားသည်များကို အတုယူ၍ လိုက်လံရေးသားခြင်းအားဖြင့် အရေးအသားစွမ်းရည် စသည့် စွမ်းရည်သုံးရပ်လည်း တိုးတက်လာပေမည်ဖြစ်သည်။

ထိုသို့ဆိုလျှင် ကလေးများကို အလေးထား၍ ပြုစုပျိုးထောင်ခြင်းသည် အလွန်ပင်အရေးပါသော၊ အရေးကြီးသော လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်သည်။ မိဘတိုင်းသည် မိမိတို့၏ ရင်သွေးငယ်များအပေါ်တွင် ထိုက်သင့်သည့်အချိန်ပေး၍ ပြုစုကြရပေမည်။ (အချိန်ပြည့် ဂရုတစိုက်နှင့် ပြုစုနေရမည်ဟုမဆိုလို) တိကျသောအချိန်၊ တိကျသောစည်းမျဉ်း၊ စည်းကမ်းများနှင့် ကလေးတို့၏စိတ်ကို ပျော်ရွှင်စေခြင်းဖြင့် လိမ္မာယဉ်ကျေးသော၊ တာဝန်ကိုသိတတ်သော၊ စည်းကမ်းသေဝပ်သော အလေ့အကျင့်များနှင့် ကြီးပြင်းလာမည့်ကလေးငယ်များသည် နောင်တစ်ချိန် အနာဂတ်၌ ထိန်လင်းတောက်ပမည့် ကြယ်စင်လေးများပမာ လှပတင့်တယ်ပေတော့မည်။

# နေပြည်တော်၌ MSME လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည့် ပုံရိပ် CNC သစ်ထွင်းလေဆာပန်းချီလုပ်ငန်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဦးတည်ချက်တွင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့နိုင်ငံ၏ ဒေသအလိုက်ထွက်ရှိသည့် သယံဇာတကုန်ကြမ်းများကို အခြေခံကာ အရည်အသွေးကောင်းမွန်သည့် ကုန်ချောအမယ်အမျိုးမျိုးထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန်၊ ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။**



ပြည်တွင်းကုန်ထုတ်လုပ်ခြင်းကို မြှင့်တင်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ အားမာန်၊ ဖွံ့လုံ့လ၊ ဆန်းသစ်တီထွင်သော စိတ်ကူးအကြံဉာဏ်၊ ခွန်အားများကို အရင်းတည်ကာ နေပြည်တော်၌ သစ်ထွင်းလေဆာပန်းချီလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင် ကိုညီညီလွင်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရပါသည်–

**မေး။ ။ ပုံရိပ် CNC သစ်ထွင်းလေဆာပန်းချီလုပ်ငန်းကို ဘယ်အချိန်က စတင်လုပ်ကိုင်ဖြစ်ခဲ့ပါသလဲ။**

**ဖြေ။** ။ ၂၀၁၉ ခုနှစ်ကစပြီး လုပ်ကိုင်ခဲ့တာပါ။ စစချင်းတော့ အိမ်တွင်းအလှဆင်လုပ်ငန်းမှာသုံးတဲ့ အလှပန်းဖောက်တာမျိုးကို ကိုယ်တိုင်ဦးစီးပြီး စတင်လုပ်ခဲ့ပါတယ်။

**မေး။ ။ သစ်ထွင်းလေဆာပန်းချီလုပ်ငန်း စတင်လုပ်ကိုင်ဖြစ်ပုံနဲ့ CNC အကြောင်း ရှင်းပြပေးစေလိုပါတယ်။**





CNC သစ်ထွင်းလေဆာပန်းချီဖြင့် ထုတ်လုပ်အလှဆင်ထားသော အသုံးအဆောင်များ။

**ဖြေ။** ။ ၂၀၁၂ ခုနှစ်မှာ အလုပ်သမားဝန်ကြီးဌာနကနေပြီးတော့ ကိုရီးယားနိုင်ငံသွားဖို့ စာမေးပွဲအောင်မြင်တဲ့သူတွေကို အလုပ်လုပ်ဖို့ ပို့ပေးခဲ့ပါတယ်။ ကိုရီးယားနိုင်ငံမှာ CNC လုပ်ငန်းကို ငါးနှစ်ကြာ လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ပြန်လာခဲ့ပါတယ်။ လုပ်ငန်းအတွေ့အကြုံလည်း ရလာတော့ ဒီ CNC လုပ်ငန်းကိုလုပ်မယ်ဆိုပြီး ဖြစ်လာတာပါ။ CNC ဆိုတာက Computer Numerical Control လို့ခေါ်ပြီး ကွန်ပျူတာနဲ့ ကိရိယာတွေကို အလိုအလျောက်ထိန်းချုပ်မှုစက် ဖြစ်ပါတယ်။ ကွန်ပျူတာကနေ ဂဏန်းနံပါတ် Code အဖြစ် ပြောင်းပြီး သံကို ဖြတ်တာရှိတယ်၊ ကျောက်ကို ဖြတ်တာရှိတယ်၊ သစ်သားကို ဖြတ်တာရှိတယ်၊ PVC ပြားကို ဖြတ်တာရှိတယ်၊ လိုချင်တဲ့ ဒီဇိုင်းဆွဲပြီး ပုံဖော်တာ ဖြစ်ပါတယ်။

**မေး။ ။ ပုံရိပ် CNC သစ်ထွင်းလေဆာပန်းချီလုပ်ငန်းအနေနဲ့ လက်ရှိ ဆောင်ရွက်နေမှုအခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။ ပုံရိပ် CNC အနေနဲ့ လုပ်ငန်းစစချင်းမှာတော့ CNC Router နဲ့ ဒီဇိုင်းပုံဖော်တဲ့ လုပ်ငန်းကို စတင်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ လေဆာပန်းချီလုပ်ငန်းကို တိုးမြှင့်လုပ်ကိုင်ခဲ့တာပါ။ သစ်ထွင်းလေဆာ အမှတ်တရပစ္စည်းတွေ လုပ်ပါတယ်။ လက်ရှိမှာတော့ အိမ်အလှဆင်တဲ့နေရာမှာ အသုံးပြုတဲ့ Modern Furniture ခေတ်မီပရိဘောဂတွေလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ Modern Furniture အဖြစ် ဆောင်ရွက်မှုကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။ Modern Furniture ဆိုတာကတော့ အိမ်တွင်းအလှဆင်ပရိဘောဂဖြစ်တဲ့ စာအုပ်စင်အလှဒီဇိုင်း၊ ကောင်တာအလှဒီဇိုင်း၊ အခန်းကန့်တဲ့ လိုက်ကာ၊ Light Box စတာတွေကို ဆောင်ရွက်တာဖြစ်ပါတယ်။

**မေး။ ။ ထုတ်ကုန်ပစ္စည်းအတွက် ဘယ်လိုကုန်ကြမ်းမျိုးကို အသုံးပြုပါသလဲ။**

**ဖြေ။** ။ CNC Router နဲ့ ဖြတ်တဲ့ ပစ္စည်းအတွက် PVC ပြား၊ ကော်ပြား၊ Composite အသား၊ သစ်သားတွေကို သုံးလို့ရပါတယ်။ PVC ဆိုတာက ပလတ်စတစ်နဲ့ ဖော့ ရောထားတာ။ မြန်မာနိုင်ငံမှာဆိုရင် တိုကျိုပိုက်က လုပ်ပါတယ်။ ပိုက်လုပ်တဲ့ အသားတွေပါ။ ဆော့ဖ်ဝဲလ်နဲ့ ရေးထားတာကို PVC ပြားပေါ်မှာ ထွင်းပါတယ်။ 2D ပတ်တန်ဖောက်တာနဲ့ 3D ဖောင်းကြွထွင်းတာ ဒီဇိုင်းနှစ်မျိုး ပုံဖော်ပါတယ်။ လေဆာစက်မှာတော့ သစ်သားကို ထွင်းပါတယ်။ အများဆုံးကတော့ ရော်ဘာဖင်းဂါးဂျွိုင့်သစ်သား၊ ရော်ဘာအထပ်သား၊ ထင်းရှူးသား၊ ကျွန်းသားပေါ်တွေမှာ အသုံးပြုတာများပါတယ်။

**မေး။ ။ CNC Router စက်နဲ့ PVC ဖြတ်တာကို ဘယ်လိုနေရာတွေမှာ အသုံးပြုပါသလဲ၊ အရည်အသွေးပိုင်းကိုလည်း ရှင်းပြပေးပါ။**

**ဖြေ။** ။ ဆိုင်းဘုတ်၊ Light Box တွေ လုပ်တဲ့နေရာမှာ အသုံးများပါတယ်။ CNC Router စက်နဲ့ PVC ပေါ်ဖြတ်ပြီး ပုံဖော်ထားတာတွေကို Decoration အခန်းအလှဆင်တဲ့နေရာမှာ အများဆုံး အသုံးပြုပါတယ်။ အနုစိတ်လုပ်ရတာဖြစ်တဲ့အတွက် သစ်သားကို သုံးရင်ကျိုးပါတယ်။ PVC က တမင်ချိုးတာမျိုးမဟုတ်ရင် မကျိုးပါဘူး။ နေပူခံ၊ မိုးစိုခံပါတယ်။ လိုချင်တဲ့အရောင် ဆေးထပ်မှုတ်လို့လည်း ရပါတယ်။

**မေး။ ။ CNC နဲ့ ဖြတ်ဖို့ ဒီဇိုင်းကို ဘယ်လိုလုပ်ပါသလဲ။**

**ဖြေ။** ။ ဒီဇိုင်းကို ကိုယ်တိုင်ဆွဲပါတယ်။ ပစ္စည်းဖြတ်ဖို့အတွက်၊ CNC Router စက်ကို မောင်းဖို့အတွက် စက်မောင်းပညာကိုတော့ လုပ်သားကို ပြန်သင်ပေးပါတယ်၊ တချို့ဆိုရင် ကွန်ပျူတာအခြေခံတောင် မရှိတဲ့သူတွေ ရောက်လာတာမျိုး ရှိပါတယ်။

**မေး။ ။ CNC စက်နဲ့ဖြတ်ဖို့ဆောင်ရွက်ရတဲ့ လုပ်ငန်းဆောင်ရွက်ပုံကိုလည်း ရှင်းပြပေးပါ။**

**ဖြေ။** ။ ဝယ်ယူသူ (Customer)လိုချင်တဲ့ အတိုင်းအတာနဲ့ ပတ်တန်ဒီဇိုင်းကို ဆော့ဖ်ဝဲလ်နဲ့ ဆွဲပေးရပါတယ်။ ပြီးရင် CNC စက်နဲ့ပုံဖော်ဖြတ်ဖို့၊ စက်မောင်းဖို့အတွက် ကွန်ပျူတာဆော့ဖ်ဝဲလ်ကနေ G code ထုတ်ပါတယ်၊ G code ထုတ်ပြီးမှ စက်မှာ ပြန်မောင်းတာ၊ အဆင့်သုံးဆင့်လောက် သွားရပါတယ်။ ကွန်ပျူတာကနေ ဆောင်ရွက်ဖို့ အမိန့်ပေးတာပါ။ ကျွန်တော်ကတော့ ဒီဇိုင်းအတွက် ဆော့ဖ်ဝဲလ်တစ်ခု၊ G code ပြောင်းပြီး စက်မောင်းဖို့အတွက် ဆော့ဖ်ဝဲလ်တစ်ခု သုံးပါတယ်။ တချို့ဆော့ဖ်ဝဲလ်တွေက ဒီဇိုင်းရေး၊ G code ပြောင်းပြီး စက်မောင်းဖို့ရော တစ်ခါတည်းသုံးလို့ရတဲ့ ဆော့ဖ်ဝဲလ်တွေလည်း ရှိပါတယ်။ CNC Router စက်နဲ့ ဖြတ်တဲ့နေရာမှာ ပစ္စည်းအရွယ်အစားပေါ်မူတည်ပြီး ပြီးစီးတဲ့အချိန် ကွာပါတယ်။ 3D ဆိုရင် ဖောင်းကြွထွင်းရတာဖြစ်တဲ့အတွက် အချိန်ပိုကြာပါတယ်။ 3D က လက်နဲ့လုပ်ရင်လည်း အချိန်ကြာပါတယ်။ လက်နဲ့လုပ်ရင် လွဲတာမျိုး ရှိပါတယ်။ CNC က မီလီမီတာနဲ့ ဖြတ်တဲ့အတွက် တော်တော်တိကျပါတယ်။ လက်မနဲ့ဆိုလည်း စက်က ပြောင်းပေးပါတယ်။ အတိုင်းအတာတွေ သုံးတာကတော့ မီလီမီတာနဲ့များပါတယ်။

**မေး။ ။ လေဆာနဲ့လုပ်တဲ့ လုပ်ငန်းဆောင်ရွက်ပုံကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။ လေဆာနဲ့ လုပ်တာတော့ ဆောင်ရွက်ရတဲ့အဆင့်နည်းသွားတာပေါ့။ ဒီဇိုင်းဆွဲပြီးသွားရင် ကွန်ပျူတာကနေ တန်းပြီး စက်မောင်းလို့ရတယ်။ G code ထုတ်ဖို့ မလိုတော့ဘူး။ ပိုလွယ်တာပေါ့။ CNC စက်နဲ့ဆိုရင် ပိုပြီးသပ်ရပ်ပါတယ်။ စက်နဲ့ထွင်းပြီးသွားရင် ကော်ပတ်နဲ့ အချောတိုက်ပါတယ်။ မြန်မာမှုအနုပညာတွေကို လက်နဲ့ထွင်းတာကျတော့ အချိန်ကြာတယ်။ လက်နဲ့လုပ်ရင် တစ်ခုနဲ့တစ်ခု ထပ်ကြည့်ရင် တစ်ထပ်တည်း မကျတာမျိုးရှိတယ်။ စက်နဲ့ဆိုတော့ တစ်ထပ်တည်းကျတယ်။ ထုတ်လုပ်မှုလည်း ပိုမြန်တယ်။

**မေး။ ။ အသေးစိတ်လုပ်ရတာမျိုးဆိုရင် CNC Router နဲ့ CNC လေဆာစက်နဲ့ ဘယ်စက်က ပိုပြီးအဆင်ပြေပါသလဲ။**

**ဖြေ။** ။ အနုစိတ်လုပ်ရတဲ့ လုပ်ငန်းမျိုးဆိုရင်တော့ လေဆာနဲ့လုပ်တာအဆင်ပြေဆုံးပါ။ အတိုင်းအတာကြီးရင်တော့ CNC Router က ပိုအဆင်ပြေပါတယ်။ လေဆာနဲ့က စာခြစ်တာက မြန်တယ်။ ပုံခြစ်တာက ပိုကြာပါတယ်။

စာမျက်နှာ ၂၃ သို့ ☆








☆ စာမျက်နှာ ၂၂ မှ

**မေး။ ။ ပုံရိပ် CNC လုပ်ငန်းအနေနဲ့ အလှဆင်ပစ္စည်းတွေကို ထုတ်ကုန်အနေနဲ့ထုတ်ပြီး ရောင်းတာလား၊ ပစ္စည်းအမှာ (Order) လက်ခံတာကို အဓိကလုပ်တာလား။**

ဖြေ။ ။ အဓိကတော့ ပစ္စည်းအမှာ (Order) လက်ခံတာပါ။ လုပ်သားများတဲ့အချိန်တွေမှာ အလုပ်မပြတ်စေဖို့နဲ့ လက်ဆောင်ပေးချင်တဲ့သူတွေအတွက် အချိန်စောင့်စရာမလိုဘဲ အရန်သင့်ဝယ်ယူလို့ရအောင် အသင့်လုပ်ပြီးပစ္စည်း (Readymade) တွေကို သပြေကုန်းဈေးမှာ ဆိုင်ဖွင့်ပြီး ရောင်းပါတယ်။ ဆိုင်မှာ Order အမှာလည်း လက်ခံပေးပါတယ်။ လိုချင်တဲ့ဒီဇိုင်းယူလာပြီး ထွင်းခိုင်းလည်းရပါတယ်။ ဒီဇိုင်းဆွဲခ ပေးစရာမလိုပါဘူး။

**မေး။ ။ CNC Router နဲ့ ဖြတ်တဲ့နေရာမှာ ဈေးနှုန်းအနေနဲ့ ဘယ်လိုသတ်မှတ်ထားပါသလဲ။**

ဖြေ။ ။ ဝယ်ယူသူ (Customer) သုံးချင်တဲ့ ပစ္စည်းနဲ့ ဒုအနေအထားပေါ်မူတည်ပြီး ဈေးနှုန်းက အမျိုးမျိုးရှိပါတယ်။ ဒုအမျိုးအစားပေါ်မူတည်ပြီး တစ်ပေပတ်လည်ကို ကျပ် ၂၅၀၀ ကနေ ၁၀၀၀၀ အထိ ရှိပါတယ်။

**မေး။ ။ CNC လေဆာနဲ့ဖြတ်တဲ့နေရာမှာရော ဈေးနှုန်းအနေနဲ့ ဘယ်လိုသတ်မှတ်ထားပါသလဲ။**

ဖြေ။ ။ CNC လေဆာနဲ့က လက်ရှိ ကျွန်တော့်စက်က ဒုအထူပိုင်းမရတဲ့အတွက် အပါးပဲဖြတ်ပါတယ်။ တစ်ပေပတ်လည်ကို ကျပ် ၃၀၀၀ ဝန်းကျင်ယူပါတယ်။

**မေး။ ။ CNC လေဆာနဲ့ ခြစ်တာက ဘယ်လိုပစ္စည်းမျိုးတွေ ဆောင်ရွက်ရပါသလဲ။**

ဖြေ။ ။ လေဆာနဲ့ခြစ်တဲ့နေရာမှာ လက်ရှိက သစ်သားပေါ်မှာ လက်ဆောင်ပစ္စည်း၊ အမှတ်တရဓာတ်ပုံ၊ မင်္ဂလာဆောင်လက်ဖွဲ့လက်ကမ်း၊ တစ်သက်တာပြက္ခဒိန်နဲ့ တခြားအမှတ်တရပစ္စည်းတွေ လုပ်ပါတယ်။ ပြီးရင် ဌာန၊ အဖွဲ့အစည်းတွေရဲ့ ပြိုင်ပွဲလုပ်တဲ့နေရာမှာပေးတဲ့ အောင်နိုင်မှုအထိမ်းအမှတ်ပစ္စည်း (Trophy) တွေ လုပ်ရပါတယ်။ စာလုံးထွင်းတာမျိုးတွေ၊ အိမ်တွင်းအလှဆင်တဲ့နေရာ၊ Decoration အခန်းအလှဆင်တဲ့ပစ္စည်းမျိုးတွေ အပြင်က လာအပ်တာများပါတယ်။ ကုမ္ပဏီ Logo၊ အလှပြင်ပစ္စည်း(Cosmetic) စာလုံးတွေ လာအပ်တာများပါတယ်။

**မေး။ ။ လေဆာနဲ့ပြုလုပ်တဲ့ ပစ္စည်းတွေကို ဘယ်လိုနေရာတွေမှာ အသုံးပြုကြပါသလဲ။**

ဖြေ။ ။ အမှတ်တရပစ္စည်းအနေနဲ့ Logo တွေထည့်ပြီး လက်ဆောင်ပေးကြတာ များပါတယ်။

**မေး။ ။ ရောင်းအားအကောင်းဆုံး ပစ္စည်းတွေက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ ရောင်းအားအကောင်းဆုံးကတော့ သစ်ထွင်းလေဆာပန်းချီနဲ့ဆိုရင် ဈေးဆိုင်တွေရဲ့ ဆိုင်းဘုတ်၊ ဝတ်ရွတ်ခုံ၊ ဘုရားပလ္လင်၊ သစ်သားပေါ် ဓာတ်ပုံလေဆာခြစ်၊ ပြက္ခဒိန်တွေ ရောင်းအားကောင်းပါတယ်။ CNC နဲ့ဆို အိမ်တွင်းအလှဆင်ပစ္စည်း တပ်ဆင်ပေးရတဲ့ အော်ဒါတွေ လုပ်ရတာများပါတယ်။

**မေး။ ။ ပုံရိပ် CNC သစ်ထွင်းလေဆာပန်းချီလုပ်ငန်းရဲ့ ထုတ်ကုန်တွေကို အများပြည်သူသိရှိအောင် ဆောင်ရွက်ပုံနဲ့ ရှေ့ဆက်ပြီး ဆောင်ရွက်မယ့်လုပ်ငန်းကိုလည်း သိပါရစေ။**

ဖြေ။ ။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းပြပွဲတွေမှာ ပြည်တွင်းထုတ်ကုန်အနေနဲ့ ပြဖြစ်ပါတယ်။ အွန်လိုင်းမှာလည်း Page ဖွင့်ထားပါတယ်။ ရှေ့ဆက်ပြီးတော့ ဆိုင်ခွဲထပ်ချဲ့ဖို့နဲ့ စက်ပစ္စည်းထပ်ထည့်ပြီး လုပ်ငန်းတိုးချဲ့ ဆောင်ရွက်သွားဖို့ရှိပါတယ်။

**မေး။ ။ ပုံရိပ်လေဆာပန်းချီလုပ်ငန်းက ထုတ်ကုန်တွေကို ပြည်တွင်း၊ ပြည်ပ ဘယ်ဒေသတွေကို ပို့ဖြစ်ပါသလဲ။**

ဖြေ။ ။ ပြည်တွင်း Order အမှာအနေနဲ့ကတော့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးက မှာတာများပါတယ်။ ပြည်ပအနေနဲ့ကတော့ စင်ကာပူကို ထုတ်ကုန်သုံးမျိုးလောက် ပို့ပြီးပါပြီ။ အွန်လိုင်းကနေတွေ့ပြီး မှာတာမျိုးရှိတဲ့အတွက် ပို့ရပါတယ်။

**မေး။ ။ CNC လေဆာပစ္စည်းထုတ်ကုန်အနေနဲ့ အမျိုးအစားပေါင်း ဘယ်လောက်ထုတ်ပြီးပြီလဲ။**

ဖြေ။ ။ ဖန်တီးမှုလုပ်နိုင်ရင် လုပ်နိုင်သလို ပစ္စည်းအမျိုးအစားကထွက်ပါတယ်၊ Order အမှာလက်ခံတာက အဓိကဖြစ်တဲ့အတွက် ပစ္စည်းအပ်တဲ့သူ (Customer) အပေါ်မှာလည်း မူတည်ပါတယ်။ ပစ္စည်းအမယ်ပေါင်း ၁၀၀ ကျော်လောက် ရှိပါပြီ။

**မေး။ ။ သစ်ထွင်းလေဆာပန်းချီလုပ်ငန်းလုပ်တာနဲ့ ပတ်သက်ပြီး အများပြည်သူကို ဘာများအကြံပေး မျှဝေချင်ပါသလဲ။**

ဖြေ။ ။ ကိုယ်ပိုင်လုပ်ငန်းလုပ်မယ်ဆိုရင် လုပ်ငန်းအကြောင်း အကုန်သိဖို့လိုပါတယ်။ အဓိကကတော့ ကိုယ်သွားချင်တဲ့ ပန်းတိုင်ကို ရောက်ဖို့အတွက် ဘယ်လိုလှေကားတွေရှိမလဲဆိုတာကို ပထမဆုံး လေ့လာရပါမယ်။ အွန်လိုင်းခေတ်ဖြစ်တဲ့အတွက် လေ့လာရမယ့်နည်းလမ်းတွေကတော့ ပေါပါတယ်။ တစ်ဆင့်ချင်းသွားပေါ့၊ မဖြစ်နိုင်တာမရှိပါဘူး။ လက်လုပ်ဖန်တီးမှု (Handmade creation) လုပ်တာမျိုးတွေကတော့ ရပါတယ်။ ပုံစံငယ်လေးတွေဆိုရင် လေဆာနဲ့ အဆင်ပြေပါတယ်။ နည်းပညာတွေကိုလည်း အွန်လိုင်းက လေ့လာလို့ရပါတယ်။ ကျွန်တော်သင်ခဲ့တုန်းက 3D ဆွဲတဲ့ ဆော့ဖ်ဝဲလ်ပိုင်းဆိုရင် တရုတ်တွေသင်တာကို ဘာသာပြန်နဲ့ သင်ရတာ။ ဒီကိုပြန်ရောက်တော့မှ စက်ရုံမှာ လုပ်သားတွေကို ပြန်သင်ပေးရတာ။ ကိုရီးယားမှာတော့ စက်မောင်းတဲ့အပိုင်းကိုပဲ လုပ်ခဲ့ရတာ။ ကုမ္ပဏီကြီးတွေက ဒီဇိုင်းပဲ ပေးလိုက်တာ။ လုပ်ငန်းကြီးတွေ လုပ်ရတာပေါ့။ ဒီမှာတော့ သစ်ထွင်းလုပ်ငန်းဖြစ်တဲ့အတွက် ဒီဇိုင်းကိုလည်း ကိုယ်တိုင်ပဲလုပ်ပါတယ်။ အပြင်အပ်ရင် ကုန်ကျစရိတ်များမယ်။ ကုန်ကျစရိတ်များရင် သူများနဲ့ ယှဉ်ရောင်းရင် အဆင်မပြေတော့ဘူး။ ဒီဇိုင်းပိုင်းကို ကိုယ်တိုင်လုပ်နိုင်အောင် လေ့လာရပါတယ်။ အပြင်က အတွေ့အကြုံနဲ့ သင်ထား၊ လေ့လာထားတဲ့ပညာနဲ့ ပေါင်းစပ်လုပ်ကိုင်ရပါတယ်။ အိန္ဒိယ၊ ဗီယက်နမ်နိုင်ငံတို့မှာဆိုရင် ဒီဇိုင်းပိုင်းအတွက် ကွန်ပျူတာတစ်လုံးရှိရင် ပြီးပြီ။ Service ဖြစ်သွားတာပေါ့။ စက်လည်း ရှိစရာမလိုဘူး။ မြန်မာနိုင်ငံမှာလည်း နောက်ပိုင်း အများကြီးဖြစ်လာမှာပါ။ လုပ်ငန်းသေးသေးလေးက စမယ်ဆိုရင်တော့ ရပါတယ်။ ကိုယ်ပိုင်စီးပွားရေးကို ငွေကျပ်သိန်း ၁၀၀ အောက်နဲ့ သစ်ထွင်းလေဆာပန်းချီလုပ်ငန်းကို လုပ်လို့ရပါတယ်။ နေရာလည်း အများကြီး မလိုတဲ့အတွက် အရိပ်ထဲနေရင်းလုပ်လို့ရတဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်လို့ အကြံပေးချင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း - ရွှေပင်လယ်(IPRD)**
**ဓာတ်ပုံ - မျိုးသီဟ(ပျဉ်းမနား)**

# ထားဝယ်မြို့၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ဦးစီးကျင်းပသော အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်း ခန်းမ၌ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလှိုင်က အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဟိဏ်းထက်အောင်က အခြေခံ ကွန်ပျူတာသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက သင်တန်းသား ၂၀ အား ဇန်နဝါရီ ၁၂ ရက်မှဖေဖော်ဝါရီ ၁၅ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# လယ်ဝေးမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်နေမှုစစ်ဆေး

**လယ်ဝေး ဇန်နဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ကုန်ထုတ်လမ်း/တံတားများဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ပြောင်ခေါင်းကြီးကျေးရွာအုပ်စု သာယာကြီးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီပြုံး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် သာယာကြီးကျေးရွာတွင် အရှည် ခြောက်ဖာလုံ အကျယ် ၁၂ ပေ၊ ဒု မြေသား တစ်ပေသဲဖြူနှန်း ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ၎င်းလမ်းပေါ်ရှိ Slab Culvert ကုန်ထုတ်တံတားနှစ်စင်းနှင့် Pipe Culvert ကုန်ထုတ်တံတားသုံးစင်း စုစုပေါင်း ကုန်ထုတ်တံတားငါးစင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၅၄ ဒသမ ၈၄၂ သန်းကို အသုံးပြုကာ တင်ဒါအောင်မြင်သည့် G99 ကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/သတိုးမင်းစော၊ ဦးပိုင်အမှတ် (၈၄)၊ ဧရိယာ(၀.၀၉၉) ကေအနက်မှ ဧရိယာ(၀.၀၄၉)ကေအား ဒေါ်ဆုထက်အောင် (ဘ) ဦးထွန်းအောင် (ခ)ဦးထိန်ဝင်း [၁၂/ဗဟန(နိုင်)၀၉၄၉၆၆]မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၂၃/၂၀၂၃)၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

**အား**
**ကစား**
**မြှင့်**
**တင်**
**စိတ်**
**လန်း**
**ရွှင်**
**ဆန့်**
**ကျင်**
**မူး**
**ယစ်**
**ဆေး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၆)လမ်း (မြောက်) အမှတ်-၅၈ ဟုခေါ်တွင်သော မြေဧရိယာ အလျား(၇၀)ပေ x အနံ(၅၀)ပေ အနက်မှ ဒေါ်မိုးမိုး ရရှိသော အမွေဝေစု အလျား(၇)ပေ x အနံ(၅၀) ပေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးမိုး[၁၂/အစန(နိုင်)၁၀၅၇၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်စိုး [၁၃/တကန(နိုင်)၁၃၈၄၇၆] မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမင်းမင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၄၄၄)**
**တိုက်-၄၊ အခန်း(၁၀၁)၊ အောင်ဇေယျအိမ်ရာ၊**
**ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၅၆၈၈၇၄၂၃**

**"ရန်ကုန်တိုင်းဒေသကြီး၊ ယခင်-အင်းစိန်စီရင်စု အင်းစိန်မြို့နယ်၊ ယခု-မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂-သမိုင်း)၊ မြေကွက်အမှတ်(၂၁/၆-ခ³)၊ ဧရိယာ(၀. ၁၀၁)ကေရှိသည့်အနက်မှ အမှတ်(၃၇/၇၃)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းဟုခေါ်တွင်သော ခန့်မှန်းမြေအကျယ် မျက်နှာစာ (၄၂ပေ)x အနံ(၃၇ပေ/၃၄ပေ)ရှိ မြေပိုင်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းဖြင့် ကန့်ကွက်နိုင်ပါကြောင်း"**

အထက်ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်၍ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမှ မရှိပါကြောင်း၊ ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်း၊ ရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သည် **ဦးမြကြိုင် [၁၂/မရက(နိုင်)၀၈၃၂၃၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်တွေ့ဆုံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံ ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng**
**အထက်တန်းရှေ့နေ (စဥ်-၄၂၈၉၉)**
**Ph: 09-972734996, 09-791454531**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ ဦးအေးသိန်း (အထွေထွေအတွင်းရေးမှူး) နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် (၄၉/A) ရှိစရီမာရီယမ္မာန်ဘုရားကျောင်း၏လက်ရှိဂေါပကအုပ်ချုပ်စီမံသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် (၄၉/A) ရှိ စရီမာရီယမ္မာန်ဘုရားကျောင်းမှာ ယခင်အင်းစိန်ဒီစတြိတ်တရားသူကြီးရုံး၊ တရားမကြီးမှုအမှတ်-၄၀၄/၁၉၅၂ ဖြင့် (၂၉-၅-၁၉၅၄) ရက်နေ့က တရားမကျင့်ထုံးဥပဒေပုဒ်မ-၉၂-၁ (ဆ) အရ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဥ်းစည်းကမ်း (Scheme) နှင့်အညီ အတည်ပြုချက်ချမှတ်ပြဌာန်းခဲ့သည့်အတိုင်း စီမံအုပ်ချုပ်လျက်ရှိပါသည်။

စရီမာရီယမ္မာန်ဟိန္ဒူဘုရားကျောင်း၏ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဥ်းစည်းကမ်း (Scheme) အပိုဒ် (၅)နှင့် (၆)တို့အရ ရွေးချယ်တင်မြှောက်ခံရပြီး၊ ယခင်ဂေါပကဟောင်းနှင့် ဘုရားကျောင်းပိုင်အအောက်အအုံ ငှားရမ်းမှုအားလုံးအပေါ် စည်းမျဥ်းစည်းကမ်း (Scheme) အပိုဒ်-၂၁ အရ ရာဇဝတ်ကြောင်း၊ တရားမကြောင်းအမှုများ ရင်ဆိုင်နေရဆဲဖြစ်ပြီး၊ စည်းမျဥ်းစည်းကမ်းနှင့်အညီ စီမံအုပ်ချုပ်နေခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ-၉၂ (၁)(ဂ) အရ ဖယ်ရှားခြင်းမပြုသရွေ့ ယုံမှတ်အပ်နှံခြင်း ခံရသူဖြစ်လျက်ရှိကြောင်း ပြဌာန်းချက်အရ တည်ရှိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဦးအေးသိန်းသည် ဖော်ပြပါ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဥ်းစည်းကမ်း (Scheme) ပြဌာန်းချက်ကိုဆန့်ကျင်၍ တရားရုံးအမိန့်တစ်စုံတစ်ရာမရှိဘဲ မိမိသဘောဖြင့် ဌာနဆိုင်ရာအသီးသီးသို့ပေးပို့ခြင်းဖြင့် ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုပြုခဲ့သူ လူကြီးမင်းသည် ဥပဒေနှင့်အညီလုပ်ပိုင်ခွင့်မရှိသူ၏ ပေးပို့မှုသာဖြစ်၍ ဆက်လက်ပေးပို့စာပါအတိုင်း ဆောင်ရွက်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လက်ရှိဂေါပကအုပ်ချုပ်စီမံသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၈၂၈၆)**
**ဖုန်း-၀၉-၄၅၀၅၈၉၇၃၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဥ်(၇)GPဦးငွေစန်း၏ အမည်ပြောင်းတွင်မြေကွက်အမှတ် ၉၂၅/ကအစားမြေကွက်အမှတ် ၆၂၅/ကဟုအမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၅)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဥ်(၂)GPဦးလှလှမြင့်၏မြေတိုင်းတွင်လျှောက်ထားသူအမည်GPဦးလှလှမြင့်အစားGPဒေါ်လှလှမြင့်ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၉၀၈)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ **ဦးအောင်လင်းထိုက်** အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးအနက်မှတရားဝင်မခွဲစိတ်ရသေးသော မူလမြေကွက်ကြီး၏(လမ်းမှမြေကွက်အားမျက်နှာမူလျှင်ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ အထူးကိုယ်စားလှယ်စာရရှိထားသူ **ဦးလီယံချမ်း [၉/ပဥလ(နိုင်)၀၂၈၁၉၈]**မှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးညွန့်စိုး[၅/အရတ(နိုင်)၀၇၆၈၃၂]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သတ်၍အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆိုပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မင်းသူ့နှီးဖြိုး(စဥ်-၁၂၈၄၆)** | **ဒေါ်စုစုမွန်(စဥ်-၁၃၄၉၆)** |
| **[တရားလွှတ်တော်ရှေ့နေ]** | **[တရားလွှတ်တော်ရှေ့နေ]** |
| **[LL.B,D.I.P.L,** | **[LL.B,D.B.L,D.I.L,D.I.P.L,** |
| **DL-101WIPO(Switzerland)]** | **DL-101WIPO(Switzerland)]** |

**ဖုန်း-၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆၊ ၀၉-၅၀၄၉၁၇၄၊ ၀၉-၇၈၁၅၃၅၈၂၄**
**အမှတ်-၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၁၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၆)ထပ်တိုက်အနက်မှ (၂-လွှာ)၊ ပထမထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့်တကွ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၁-၁၂-၂၀၂၃) နေ့စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ငွေအပြေအကျေပေးချေခြင်းကတိစာချုပ်" အရ ဝယ်ယူခဲ့ပြီး တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်အေးအေးခိုင်[၁၂/တမန(နိုင်)၀၉၅၁၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသင်းကြိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၃၀၈)**
**ရုံး-အမှတ်(၄၃)၊ ပထမထပ်(ခေါင်းရင်းခန်း)၊ သီတာလမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၁၅၇၇၉၆၉၊ ၀၉-၄၀၀၂၂၄၉၉၃**

## "AGRO FUTURE MYANMAR" ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည် ကုမ္ပဏီဖြစ်သော AGRO FUTURE MYANMAR CO.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၉၀၃၈၅၂၅) သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီ ဖြစ်ပြီး အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် Logo အမှတ်အသားကို အသုံးပြု၍ AFM ကောက်စိုက်စက်ကိုထုတ်လုပ်ရောင်းချလျက်ရှိပြီး အသုံးပြုသူများ၏ အရည်အသွေး ကောင်းမွန်ကြောင်း ကျေနပ်ထောက်ခံချက်များကိုလည်းရရှိထားပါသည်-

AGRO FURTURE MYANMAR CO.,Ltd သည်အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် နှင့် Logo အမှတ်အသားကို မိမိတို့ကုမ္ပဏီမှ ပိုင်ဆိုင်ကြောင်းကြေညာမှတ်ပုံတင်သွင်းခြင်းကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်ကြေညာစာချုပ်အမှတ်-( ၂၂၁/၂၀၂၄ ) ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အထက်ဖော်ပါ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် Logo အမှတ်အသားကို အသုံးပြု၍ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုအကျိုးဖြစ်ထွန်းစေသော စက်မှုလယ်ယာသုံးပစ္စည်းများကို တီထွင်ထုတ်လုပ်ပြီး ဈေးကွက်တွင် ရောင်းချခြင်းနှင့် အခြားကဏ္ဍများအတွက်လည်း အကျိုးရှိစေမည့်စက်ပစ္စည်းများကို တီထွင်ထုတ်လုပ်ပြီး ဈေးကွက်တင် ပို့ရောင်းချခြင်း၊ စက်ပစ္စည်းနှင့်ပတ်သက်သော ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းတို့ကို မိမိတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏ အမှုသည်ကုမ္ပဏီဖြစ်သော AGRO FURTURE MYANMAR CO.,Ltd ပိုင်ဆိုင်သည့် **AGRO FUTURE MYANMAR** ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် Logo အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲခြင်းမပြုကြရန် သတိပေးတားမြစ်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် Logo အမှတ်အသားကို ကျွန်ုပ်ကုမ္ပဏီ၏ခွင့်ပြုချက်မရရှိဘဲ အခြားသူတစ်ဦး တစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အသုံးပြုကြောင်းတွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာလိုက် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးနေလင်းအောင် | ဒေါ်ဆေးကျင်ဟွိုင် |
| LL.B, M.A(Business Law), D.M.L | LL.B, M.A(Business Law) |
| အထက်တန်းရှေ့နေ(စဥ်-၃၁၅၄၅) | တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၁၀၅) |

တိုက် ၆၉၄၊ ၄ လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉၂၅၄၃၁၇၃၀၅၊ ၀၉၅၁၁၁၀၇၉

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ကုမ္ပဏီဖြစ်သော AGRO FUTURE MYANMAR CO.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၉၀၃၈၅၂၅)သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး **AGRO FUTURE MYANMAR** ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် Logo အမှတ်အသားကို အသုံးပြု၍ AFMလက်စွဲကောက်စိုက်စက်(ငါးတန်းသွား၊ခြောက်တန်းသွား) များကို အင်ဂျင်/ဘက်ထရီတွဲလျက် တီထွင်ထုတ်လုပ်ရောင်းချခြင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်၊ ကြီးကြပ်မှုဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ပျဉ်းမပြင်ကွင်းရှိ တစပ်တဆက်တည်းဧက၅၀၀ လယ်မြေတွင် AFMလက်စွဲ ကောက်စိုက်စက်များကို အသုံးပြု၍ ကောက်စိုက်ခြင်းသရုပ်ပြပွဲအခမ်းအနားကိုလည်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြုလုပ်ခဲ့ပြီး တောင်သူလယ်သမားများ၏ နှစ်ခြိုက်အားပေး မှုကိုရရှိထားပါသည်။

ကျွန်ုပ်၏အမှုသည် ကုမ္ပဏီဖြစ်သော AGRO FUTURE MYANMAR CO.,Ltdသည် မြန်မာနိုင်ငံတွင်း ရရှိသောအရည်အသွေးမှီကုန်ကြမ်းများနှင့် ပြည်ပမှလိုအပ်သောအရည်အသွေးကောင်းအင်ဂျင်များကိုတင်သွင်းပြီး ကိုယ်တိုင်တီထွင်ကြံဆကာ အရည်အသွေးကို အလေးထားပြီး **AGRO FUTURE MYANMAR** ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် Logo အမှတ်အသား ကိုအသုံးပြုကပ်နှိပ်၍ အောက်ပုံများတွင်ဖော်ပြထားသော AFMလက်စွဲကောက် စိုက်စက်(ငါးတန်းသွား၊ခြောက်တန်းသွား) များကို ပဲခူးတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ AGRO FUTURE MYANMAR CO.,Ltd၏ ကိုယ်ပိုင်အမှတ်တံဆိပ်၊ လုပ်ငန်းအမည်နှင့် Logo အမှတ်အသားကို အသုံးပြုကပ်နှိပ်ပြီး တီထွင်ထုတ်လုပ်ထားသော AFMလက်စွဲကောက်စိုက်စက်များကို တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တစ်ခုလုံးသော်လည်းကောင်း၊ ဆင်တူယိုးမှား အတုအပပြုလုပ်ပြီး ထုတ်လုပ်ရောင်းချခြင်းများကို မပြုလုပ်ရန်နှင့် ကျွန်ုပ်အမှုသည်ကုမ္ပဏီ၏ ခွင့်ပြုချက်မရရှိဘဲ ထိုသို့ပြုလုပ်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။




လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးနေလင်းအောင် | ဒေါ်ဆေးကျင်ဟွိုင် |
| LL.B, M.A(Business Law), D.M.L | LL.B, M.A(Business Law) |
| အထက်တန်းရှေ့နေ(စဥ်-၃၁၅၄၅) | တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၁၀၅) |

တိုက် ၆၉၄၊ ၄ လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉၂၅၄၃၁၇၃၀၅၊ ၀၉၅၁၁၁၀၇၉

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၁၄ ရက်)

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ခုနှစ် မတ်လ အထိ) အတွက် ၂၀၂၄ခုနှစ် ဧပြီလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ဖော်ပြပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန်ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (ရန်ကုန်)သို့လည်းကောင်း ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)သို့လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်ဘာလေထီလက်မှတ်စာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီစာအုပ် ဝယ်ယူရောင်းချရန် လျှောက်ထားသူများသည် ထီလုပ်ငန်း အမှန်တကယ်လုပ်ကိုင်၍ ထီဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်ရန်လိုအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ ထီစာအုပ်ဝယ်ယူရရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမည်ဖြစ်ကြောင်း ကတိခံဝန်ချက်စသည်များကို လျှောက်လွှာနှင့်အတူ ကိုယ်တိုင် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) ထီလုပ်ငန်းရှင်အဟောင်းများအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ လစဉ် ကျပ် ၁၀၀၀ တန်ထီလက်မှတ်စာအုပ် ဝယ်ယူရောင်းချခဲ့မှုအပေါ် မိမိနေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စဆောင်ရွက်ပြီးကြောင်း ထောက်ခံစာမူရင်း(သို့မဟုတ်) ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စလုံလောက်သောအစီအစဉ်များ ပြုလုပ်ပြီးကြောင်း ထောက်ခံစာမူရင်းကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၁၆-၁-၂၀၂၄) ရက်နေ့မှ (၂၉-၁-၂၀၂၄) ရက်နေ့အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ(Deposit) (၂၀၀)ကျပ်နှုန်းဖြင့် (၃)လစာ အတွက် ကျပ် (၆၀၀) ကို ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းရမည့် ထီစာအုပ်အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကို ဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိစာချုပ် ချုပ်ဆိုရမည် ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များဝယ်ယူရောင်းချရန် သဘောတူကတိစာချုပ်ချုပ်ဆိုပြီး စာချုပ်ပါ သဘောတူညီချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့် ရပ်စဲခြင်း၊ အာမခံငွေ(Deposit)များ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက အာမခံငွေ(Deposit) ပေးသွင်းခြင်း၊ သဘောတူကတိစာချုပ်ချုပ်ဆိုခြင်းများကို (၄-၃-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

(ဈ) သတ်မှတ်ထားသည့်အချိန်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ထီစာအုပ်ဝယ်ယူခွင့်ရရှိသူစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

---

